မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေကြာသင်္ကန်းတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူအား ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်

ဒုတိယအကြိမ် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ခမ်းနားသိုက်မြိုက် စည်ကားစွာကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို၍ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် နေပြည်တော်တပ်ကုန်း ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ❍

ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်နှင့် ရေချမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူအား ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်နှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်)

လူငယ်မောင်မယ်များ ခေတ်မီအိုင်တီနည်းပညာများ အကျိုးရှိရှိအသုံးချ

ယနေ့လူငယ်မောင်မယ်များသည် သိပ္ပံနှင့်ဝိဇ္ဇာပညာရပ်များ၊ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်ပြီး လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာရပ်များ ဖော်ထုတ်သုံးစွဲသည့်အဆင့်မှ တီထွင်သုံးစွဲသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ရာ ခေတ်မီနည်းပညာရပ်များကို နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချသွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် အိုင်တီနည်းပညာရပ်များ၊ ပြပွဲများကျင်းပပေးခြင်းဖြင့် လေ့လာသိရှိနိုင်ရန် အခွင့်အလမ်းများရရှိခဲ့သည်။ အိုင်တီနည်းပညာလိုက်စားသည့် လူငယ်များလည်း တစ်နေ့တခြား များပြားလာခဲ့သည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ Software & Solutions Exhibition 2010 ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ၌ ဖေဖော်ဝါရီလ ၂၆ရက်မှ၂၈ရက်အထိ ကျင်းပ လျက်ရှိသည်။

ယင်းပြပွဲသည် ပထမဆုံးအကြိမ် ကျင်းပသည့်ပြပွဲဖြစ်ပြီး ပြပွဲကို အိုင်စီတီအသုံးပြုသူများဖြစ်သည့် စီးပွားရေးလုပ်ငန်းတွင် စက်မှုလုပ်ငန်းရှင်နှင့် အိုင်စီတီ Solution ထုတ်လုပ်သူများအကြား ချိတ်ဆက်ပေးနိုင်ရန်၊ မြန်မာနိုင်ငံတွင် အသုံးပြုရန် အသင့်ဖြစ်နေသည့် အိုင်စီတီ Solution ကို သိရှိနားလည် သဘောပေါက်ကြစေရန်၊ အိုင်စီတီ အသုံးချနိုင်မှုကို သိရှိနားလည်ပြီး အိုင်စီတီ နည်းပညာအသုံးချမှု ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန်နှင့် အရည်အသွေးမီ အိုင်စီတီဆော့ဖ်ဝဲလ်နှင့် Solution ထုတ်လုပ်နိုင်သူများ ထွက်ပေါ်လာရေးအတွက် ကျင်းပသည့် Myanmar ICT Awards မှ ဆုရရှိသူများကို ချီးမြှောက်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပေသည်။

ပြခန်းများတွင် ဆော့ဖ်ဝဲလ်ထုတ်လုပ်သူများ ဖန်တီးတီထွင်ထုတ်လုပ်ထားသည့် ဆော့ဖ်ဝဲလ် Solution များကို ပြသထားပြီး ပြသထားသည့် ဆော့ဖ်ဝဲလ် Solution များ အသုံးပြုပုံ စွမ်းဆောင်နိုင်မှုတို့ကို နားလည်ရန် ရှင်းလင်းပြသသည့် Product Presentation ၊ အမြင်ချင်းဖလှယ်နိုင်သည့် Panel Discussion များ ပြုလုပ်ပေးထားသည်။ ယင်းပြပွဲကျင်းပခြင်းဖြင့် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များသည် ပြည်တွင်းရှိ ဆော့ဖ်ဝဲလ် Solution များကို တစ်နေရာတည်း၌ စုံစုံလင်လင် တွေ့နိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အိုင်တီနည်းပညာများ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်ရန် လူငယ်မောင်မယ်များက ခေတ်မီအိုင်တီနည်းပညာများကို နိုင်ငံတော်အတွက် အကျိုးရှိရှိ လေ့လာအသုံးချသွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပျော်ဘွယ်မြို့၌ တောင်သူလယ်သမားများနှင့်တွေ့ဆုံ

ရေရရှိရေးအတွက် အေးသာယာဆည်ကို တည်ဆောက်ပေးခဲ့ လာမည့်မိုးရာသီ၌ ဆည်ရေရရှိကာ သီးထပ်စိုက်ပျိုးနိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဖေဖော်ဝါရီ ၂၂ရက် မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် အေးသာယာကျေးရွာအနီး၌ အေးသာယာကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဇကရာဇ်ကုန်းကျေးရွာ၊ တိန်းတယ်ကျေးရွာတို့မှ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ရေရရှိရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး ကျေးရွာရေရရှိရေးအတွက် ယခုအခါ အေးသာယာ ဆည်ကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ရာ ယခုလာမည့် မိုးရာသီကာလ၌ ဆည်ရေရရှိကာ သီးထပ်စိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တည် ဆောက်နေသည့် အေးသာယာဆည်ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဆည်တည်ဆောက်မှု၊ ဒေသအကျိုးပြုမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြ

အေးသာယာဆည်သည် မြင်းကျ ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေလွှဲ ဆည် အလျား ၁၆ ပေ၊ ရေပေးမြောင်းမှာ အရှည်ပေ ၃၀၀၀ရှိပြီး လယ်မြေဧက ၄၅၀ကို ဆည်ရေပေးနိုင်မည်ဖြစ်သည်။ ရေလွှဲဆည်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် စတင် တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၅၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၀ ခုနှစ် မတ်လတွင် ရာနှုန်းပြည့်ပြီးစီးမည် ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ယင်းတော် ကျေးရွာအနီးရှိ ယင်းတော်ကန်အား ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင် နေမှုကို ကြည့်ရှုစစ်ဆေးပြီး သေသပ်ခိုင်ခံ့ မှုရှိရေးနှင့် သတ်မှတ်ချိန်ပြီးစီးရေးတို့ကို မှာကြားသည်။

ယင်းတော်ကန်သည် ရေဆင်းဧရိယာ ၂၆ စတုရန်းမိုင်ရှိသည့် မဲဒီချောင်းမှ ရေကို ကန်ပေါင်အလျားပေ ၂၄၁၀၀၊ အမြင့်ပေ ၂၀ ဖြင့် ကန်ရေပြည့်ရေလှောင်ပမာဏ ၃၆၆၄ ဧကပေ သိုလှောင်နိုင်ရန်နှင့် လယ်ဧက ၂၄၀၀ အကျိုးပြုနိုင်ရန် ပြန်လည် ပြုပြင်လျက်ရှိရာ လာမည့်မတ်လတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဘားအံမြို့ အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပရာ သူငယ်တန်း၊ ပထမတန်းတို့၌ နှစ်နှစ်ဆက်တိုက် ဘာသာစုံထူးချွန်ပထမဆုရ ပထမတန်းမှ မောင်ကောင်းခန့်စျာန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်မော်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မတ္တရာမြို့နယ် အမက(၂၆) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မတ္တရာ ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာ မြို့နယ် သရက်တောကျေးရွာ အမှတ်(၂၆) အမကကျောင်းတွင် စုံညီပွဲတော်နှင့် ပညာ ရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဆုများပေးအပ်

အစီအစဉ်အရ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းနှင့် ဦးလှမြင့်တို့က အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းက စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်း အကျိုးတော်ဆောင် ဥက္ကဋ္ဌဦးလှမောင်က ကျောင်းဘက်စုံဖွံ့ဖြိုးရေးနှင့် ပတ်သက်သည် များကို ရှင်းလင်းပြောကြားသည်။ ဆက် လက်၍ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူ များအား ဆုများပေးအပ်ရာ တက္ကသိုလ် ဝင်တန်းအောင်မြင်သူ ငါးဦး၊ တက္ကသိုလ် ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူ ၁၉ဦး၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ဦးတို့အား ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၈)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **တို့ရဲ့မိသားစု**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၄း၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၁၃)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၀။	လျှပ်တစ်ပြက်
၆း၃၀	၁၁။	ဘဝကြေးမုံ **ရှေ့နေမလေး မေစံရှားနှင့် ဂုဏ်သိက္ခာဖော်သောတရားခံ** (အပိုင်း-၁) ကောင်းမိုးယံ၊ မေ၊ မိုခမ်း၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-ဆဲဗင်း(IC)]
၆း၄၅	၁၂။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၅)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကျန်းမာသုတ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရှက်ဦးအချစ်** (အပိုင်း-၃၆) (ဇာတ်သိမ်း)
	၂၂။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၆)

ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖေဖော်ဝါရီ ၁၆ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရတနာပုံလမ်း လမ်းပခုံးဖို့ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း စုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ၂၀၁၀ခုနှစ် စုံညီအစည်းအဝေးကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြု တက္ကသိုလ် (ပင်မ) ခန်းမဆောင်ကြီး၌ မတ် ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပသွားမည် ဖြစ်သည်။ စုံညီအစည်းအဝေးသို့ တက်ရောက်ကြမည့် ဗဟိုအဖွဲ့ဝင်များနှင့် ပြည်နယ်/တိုင်း တစ်ခုစီက ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်(သူနာပြု နှစ်ဦး၊ သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးဆရာမ တစ်ဦး) လေးဦးစီတို့သည် ရန်ကုန်မြို့သို့ မတ် ၁၀ရက် ထက်မစော ၁၁ရက်ထက်နောက်မကျစေဘဲ ရောက်ရှိသတင်းပို့ကြရန်နှင့် အသေးစိတ် သိရှိလိုပါက ရန်ကုန်ဗဟိုအသင်းရုံး ဖုန်း-၀၁-၃၈၈၆၃၁၊ ဗဟိုအသင်းဥက္ကဋ္ဌ ဖုန်း-၀၉-၅၀-၉၃၇၆၅နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၉၄၅၇၃တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ပရိသတ်များ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှု ဆည်းပူးခြင်း မင်္ဂလာအခမ်းအနားတွင် ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရွှေဖုံးမှ

အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် ခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အနေကဇာတင်

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် နေပြည်တော်တပ်ကုန်း ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီတို့အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော် ၃၆ ပါးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူ၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေး မှူး (၁) ဗိုလ် ချုပ် ကြီး သီ ဟ သူ ရ တင်အောင်မြင့်ဦး နှင့် အဖွဲ့ဝင်များ ဗုဒ္ဓါ ဘိ သေ က အနေကဇာ တင် တော် မူကြသော ဆရာတော်၊ သံဃာ တော် များ အား ဥပ္ပါတသန္တိစေတီ တော် ဓမ္မာရုံ တော်၌ အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်များ၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်နှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဥပ္ပါတသန္တိစေတီတော် ဓမ္မာရုံတော်၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် လိုဏ်တော်အတွင်း၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် အတွင်းရေးမှူး(၁) အမှူးပြုသော ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် နေပြည်တော် တပ်ကုန်း ငွေတောင်တောရပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အတွင်းရေးမှူး(၁) အမှူးပြုသော ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြ၍ နံနက် ၇ နာရီတွင် မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၆ ကော်လံ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

A(H1N1)တုပ်ကွေးရောဂါပျံ့နှံ့ဖြစ်ပွားနေမှု အရှိန်မတန့်သေးဟု ဒဗလျူအိပ်ချ်အိုကြေညာ

ဂျီနီဗာ ဖေဖော်ဝါရီ ၂၇

ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပွားနေသော A(H1N1) တုပ်ကွေးရောဂါသည် ကမ္ဘာတစ်ဝန်း၌ တွန့်လှန်ဖို့ခွင်းနေကြသော်လည်း အပြည့်အဝ အရှိန်မတန့်သေးဘဲ ပျံ့နှံ့ဖြစ်ပွားနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က ဖေဖော်ဝါရီ ၂၄ရက်တွင် သတင်း ထုတ်ပြန်ကြေညာသည်။

အကြံပေး

ဒဗလျူအိပ်ချ်အို၏ အထူးအကြံပေး အရာရှိဒေါက်တာကေဂျီဖူကူဒါက ကုလ သမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခု ဖြစ်သော အရေးပေါ်ကော်မတီသို့ ဖေဖော် ဝါရီ ၂၃ရက်က တယ်လီဖုန်းဖြင့် ပြောဆိုပြီး နောက် ယင်းကဲ့သို့ ကြေညာခြင်း ဖြစ်သည်။ အဆိုပါ အရေးပေါ် ကော်မတီသည် ကျွမ်းကျင်သူပညာရှင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားသည့် ကော်မတီဖြစ် ကြောင်း၊ ယင်း A(H1N1)တုပ်ကွေး ရောဂါနှင့်ပတ်သက်၍ နှစ်နာရီကြာမျှ အသေးစိတ်ဆွေးနွေးကြကြောင်း၊ ကူးစက် ပြန့်ပွားမှု ကာလအထွတ်အထိပ်သို့မရောက် ရှိသေးသည့် အဆိုပါ တုပ်ကွေးရောဂါ ဖြစ်ပွားမှုချုပ်ငြိမ်းရေး ဆောင်ရွက်ရန်မှာ အချိန်စောလွန်းနေသေးသည်ဟု အဆိုပါ ကော်မတီက အကြံပေးကြောင်း ဖူကူဒါက ဂျီနီဗာသတင်းစာရှင်းလင်းပွဲတွင် ပြောကြား သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငါးဖမ်းစက်လှေ မီးအိမ်ကြီး

တရုတ်နိုင်ငံ ရှန်တုံပြည်နယ် ယန်တိုင်ကမ်းရိုးတန်းဒေသ၌ ကျင်းပ သည့် ရိုးရာတံငါသည်များ ပွဲတော် အတွင်း ငါးဖမ်းစက်လှေပုံသဏ္ဌာန် မီးအိမ်ကြီး ပြသထားသည်ကို ဖေဖော် ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တပ်ဖွဲ့ဝင်များ အာဖဂန်သို့ပို့ရန် တောင်ကိုရီးယား ပါလီမန်သဘောတူ

ဆိုးလ် ဖေဖော်ဝါရီ ၂၇

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်နိုင်ငံသို့ ပို့ပေးမည့် မူကြမ်း တစ်ရပ်ကို ဖေဖော်ဝါရီ ၂၅ရက်တွင် တောင်ကိုရီးယားပါလီမန်က ထောက်ခံ အတည်ပြုပေးလိုက်ရာ တောင်ကိုရီးယားအစိုးရက ယင်း၏တပ်ဖွဲ့ဝင်များ အာဖဂန်သို့ ယခုနှစ်တွင် ပို့ဆောင်ပေးတော့မည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါမူကြမ်းကို ထောက်ခံမဲ ၁၄၈မဲ၊ ကန့်ကွက်မဲငါးမဲ၊ ကြားနေမဲ ၁၀ မဲဖြင့် ပါလီမန်ကအတည်ပြုသဖြင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၅၀အား ကဘူးလ်မြို့ မြောက်ပိုင်း ပန့်ဝမ်ပြည်နယ်သို့ ပို့ပေးမည်ဖြစ်သည်။

တပ်ဖွဲ့ဝင်များပို့ဆောင်ပေးမှုကာလသည် နှစ်နှစ်ခွဲကြာမြင့်မည်ဖြစ်ပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ အာဖဂန်တွင် နေထိုင်ကြ ရမည် ဖြစ်သည်။

(အင်တာနက်)

နားအကြားအာရုံချို့ယွင်းသူ ၃၀၀၀၀ ဖီဂျီတွင် ဆေးခန်းဖွင့်၍ကုသပေးသွားမည်

ဆူဗာ ဖေဖော်ဝါရီ ၂၇

ဖီဂျီနိုင်ငံတွင် ကလေး ၁၇၀၀၀ နှင့် လူကြီး ၁၃၀၀၀ ခန့်တို့ နားအကြားအာရုံ ချို့ယွင်းသည့် ဝေဒနာခံစားနေရကြောင်း ကာရာဗက်မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းသူ ဘရောင်ဝိုင် ကာရာဗက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ စာရင်းဇယားများကိုမှီပြီး ဖေဖော်ဝါရီ ၂၅ ရက်က ပြောကြားသည်။

ပြောကြား

ကလေးများ နားမကြားဝေဒနာဖြစ်ပွားမှုကို ကုသပေးသွားရမည်ဖြစ်ကြောင်း ဖြင့်လည်း ဘရောင်ဝိုင်ကာရာဗက်က ဖီဂျီနိုင်ငံမြို့တော်၌ ကျင်းပသည့် နားမကြားရောဂါ ကုသရေးဆေးခန်းဖွင့်ပွဲ၌ ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

သင်တန်းပေးမည်

ကာရာဗက်မဟာမိတ်အဖွဲ့သည် ၁၀ နှစ်အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ဒေသခံပြည်သူများကိုလည်း နားဝေဒနာကုသရေးသင်တန်းများ ပေးသွား မည်ဖြစ်ကြောင်း ကာရာဗက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုရှိဝေလငါးများသင်တန်းပေးရေးကန်၌ ဘရောင်းဘရန်ချူးအား ၄င်းဝေလငါး၏ သတ်ပုတ်ခြင်းမပြုမီ ဝေလငါးနှင့်အတူ ဖေဖော်ဝါရီ ၂၄ရက်က တွေ့ရစဉ်။ (၄င်းအား ဝေလငါးက ရေကန်အစပ်၌ ရပ်နေစဉ် ခုန်အုပ်ပြီး ရေအောက်ကြမ်းပြင်သို့ ဆွဲချခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ များက ပြောကြားသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်၌ သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ပေါက်ကွဲမှုနှစ်ခု သီးခြားနှစ် နေရာတွင်ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဗြိတိန်လေတပ် တပ်ဖွဲ့ဝင်တစ်ဦး ကန်ဒါဟာလေတပ်အခြေ စိုက်စခန်းအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က သေဆုံးခဲ့သည်ဟု ဗြိတိန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြား သည်။

ကင်းလှည့်

ဒုတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးသည် ဟယ်လ်မန်ပြည်နယ် ဆန်ကျင်မြို့အနီး ခြေကျင်ကင်းလှည့်စဉ် အပစ်ခံရပြီး ဖေဖော်ဝါရီ ၂၅ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မောင်းသူမဲ့လေယာဉ် ပစ်ခတ်မှု စစ်သွေးကြွများ သေဆုံးခဲ့ရ

မီရန်ရှား ဖေဖော်ဝါရီ ၂၇

အမေရိကန်မောင်းသူမဲ့ လေယာဉ် တစ်စင်းသည် အာဖဂန်နယ်စပ်ရှိ ပါကစ္စတန် နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသအတွင်း ဒုံး လက်နက်သုံးစင်းဖြင့် ပစ်ခတ်ခဲ့ရာမှ စစ်သွေးကြွ ရှစ်ဦးသေဆုံးသွားကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအရာရှိများနှင့် ဒေသခံများက ပြောကြားသည်။

ဖြစ်ပွား

တာလီဘန်တို့၏ အဓိက စစ်ရေး အုပ်စုဖြစ်သော ဟက်ကာနီကွန်ရက်အဖွဲ့ကို အဓိကထား ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဒေသ၌ပင် လွန်ခဲ့သည့် သီတင်း ပတ်က အလားတူ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ဟက်ကာနီကွန်ရက် အကြီးအကဲ ဂျာလာ လူဒင်၏သား သေဆုံးသွားခဲ့ကြောင်း သိရ သည်။ ဒုံးကျည်ပေါက်ကွဲရာမှ မီးလောင်မှု ဖြစ်ပွားနေသည်ဟု ဆိုသည်။

တွေ့မြင်

ယခုအချိန်အထိ အဆိုပါဒေသမှ မီးခိုး လုံးကြီးများ ထွက်နေသည်ကို တွေ့မြင်နေ ရဆဲဖြစ်ကြောင်း မီရန်ရှားမြို့ရှိ ရိုက်တာ သတင်းထောက်တစ်ဦးက ပြောကြား သည်။

သေဆုံး

နိုင်ငံခြားသားသုံးဦး အပါအဝင် စစ်သွေးကြွ ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းတို့၏ အမည်နာမကို မသိရသေး ကြောင်း ပါကစ္စတန် ထောက်လှမ်းရေး အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန်နှင့်အာမေးနီးယားအကြား ရေနံပိုက်လိုင်းသွယ်တန်းမည်

တီဟီရန် ဖေဖော်ဝါရီ ၂၇

အီရန်နိုင်ငံမှ အာမေးနီးယားနိုင်ငံသို့ ရေနံပိုက်လိုင်းတည်ဆောက်ရေးနှင့် နယ်စပ်စခန်းဖွင့်လှစ်ရေးကို စီစဉ်လျက်ရှိပြီး ပြီးစီးပါက ရေနံတင်ပို့မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

သဘောတူညီ

အာမေးနီးယားနိုင်ငံသို့ ရေနံတင်ပို့နိုင် ရေးအတွက် ကီလိုမီတာ ၃၅၀ရှိသည့် ရေနံ ပိုက်လိုင်းတည်ဆောက်ရေးကို နှစ်နိုင်ငံ သဘောတူညီလျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၃ရက်တွင် အီရန်စွမ်းအင်ဒုတိယဝန်ကြီး က ပြောကြားသည်။

အဆိုပါ ရေနံပိုက်လိုင်းပြီးစီးပါက အာမေးနီးယားနိုင်ငံမှ ရေနံစည်ပေါင်း ၇၀၀၀၀ လက်ခံရရှိနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်မည့် ရေနံပိုက်လိုင်း အတွက် အမေရိကန်ဒေါ်လာ သန်း၃၅၀ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၁၀ ရှန်ဟိုင်း ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည့် ကိုရီးယားဒီမိုကရက် တစ်နိုင်ငံမှ ပြုယမ်းပန်းပုပညာရှင် များ၏ အနုပညာလက်ရာများကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ စက်သုံးဆီတင်ယာဉ်ကို စစ်သွေးကြွများ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပေါက်ကွဲမီးလောင်ရာ မီးငြိမ်းသတ်ရေး ဆောင်ရွက် နေသည်ကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျော်ဂျီယာနှင့်အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ဘီလီဆီ ဖေဖော်ဝါရီ ၂၇

ဂျော်ဂျီယာနိုင်ငံ အနောက်ပိုင်း ပေါ့တီပင်လယ်ဆိပ်ကမ်းမြို့သို့ အမေရိကန်ကမ်းခြေ စောင့်လုံခြုံရေးတပ်မှ အက်ဖ်အက်ဖ်ဂျီ-၃၂ သင်္ဘောသည် ဖေဖော်ဝါရီ ၂၅ရက်က ဆိုက်ရောက်လာပြီး နှစ်နိုင်ငံစစ်ရေး ပူးတွဲလေ့ကျင့်ရန် ပြင်ဆင်လျက်ရှိသည်။

အမေရိကန်နှင့် ဂျော်ဂျီယာ ကမ်း ခြေစောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ထိုသင်္ဘောပေါ်တွင် ပြုလုပ်မည်ဖြစ်သည်။

ထွက်ခွာ

ဂျော်ဂျီယာနှင့် တူရကီနယ်စပ်မှ ဂိုနီ မြို့ရှိ ကမ်းရိုးတန်းစစ်ဆေးရေးဂိတ်ဖွင့်ပွဲ တွင်ပါဝင်ရန်အတွက် အဆိုပါသင်္ဘောသည် မတ် ၁ရက်၌ ဘတ်တူမီသို့ ထွက်ခွာ မည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာ၌ ဆေးခြောက်တန်ချိန် ၂၀ ရဲတပ်ဖွဲ့ဝင်များ သိမ်းဆည်းရမိ

ဘိုဂိုတာ ဖေဖော်ဝါရီ ၂၇

ကိုလံဘီယာရဲတပ်ဖွဲ့ဝင်များသည် ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံး အကြမ်းဖက်အုပ်စုဖြစ်သော ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ)မှ တပ်ဖွဲ့ဝင်ဟုဆိုသူ ၁၃ ဦးကို ဖေဖော်ဝါရီ ၂၄ ရက်က ဖမ်းဆီးပြီး ဆေးခြောက်တန်ချိန် ၂၀ကို သိမ်းဆည်းလိုက်သည်ဟု ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းစစ်ဆင်ရေးများပြုလုပ်ရာတွင် တစ်ဖက်နှင့်တစ်ဖက် ၁၂ နာရီ ကျော်ကြာ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားကြောင်း၊ အကြမ်းဖက်သမား နှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထွန်းညှိပူဇော်

တပေါင်းလပြည့်နေ့ ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်အား ဆီမီး ၉၀၀၀ဖြင့် ထွန်းညှိပူဇော်ကြစဉ်။

(သတင်းစဉ်)

တပေါင်းလပြည့် အခါသမယတွင် ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် တပေါင်းလတွင် ရာသီပွဲတော်အဖြစ် သဲပုံစေတီပွဲတော်ကို ရှေးအခါမှစ၍ အစဉ်အဆက် သတ်မှတ်ကျင်းပခဲ့ကြရာမှ ယခုအခါ တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့ ဗုဒ္ဓပူဇနီယပွဲတော် အခါသမယအဖြစ် သတ်မှတ်ကျင်းပလာကြသည်။ ထို့ကြောင့် တပေါင်းလပြည့်နေ့တွင် နေပြည်တော်အပါအဝင် မြန်မာနိုင်ငံဒေသအသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့တွင် ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပလျက်ရှိသည်။

ယင်းသို့ ကျင်းပလျက်ရှိရာတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် မြသပိတ်၊ ရွှေကြာသက်နန်းကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ညနေပိုင်းတွင် ဘုရားရှင်အား ရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အား ဆီမီး ၉၀၀၀ဖြင့် ထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ နေပြည်တော် ခရိုင်ရှိ မြို့နယ်များမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ ကုသိုလ် ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာပုညပြုကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

စည်ကား

ထို့အတူ နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ(ဓာတ်ပေါင်းစု) စေတီတော်၊ နေပြည်တော်ပျဉ်းမနားရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်ဘုရား၊ ကိုးခမ်းကြီးဘုရားနှင့် လှေခွင်းတောင်စေတီတော်တို့၌ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ယနေ့တွင် ဗုဒ္ဓဘာသာဝင်အပေါင်းသည် ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ကုသိုလ်ပုညပြုကြသူများ သမထ၊ ဝိပဿနာ ဘာဝနာပွားများကြသူများဖြင့် အထူးများပြားလျက်ရှိသည်ကို တွေ့ရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် (၂၅၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ရေစက်ချ အနုမောဒနာ အခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပပြီး ယမန်နေ့ ညနေပိုင်းတွင်လည်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌လည်း ဘုရားဖူးလာကြသူများအား ကုသိုလ်ဖြစ် အခမဲ့ စမ်းသပ်ဆေးဝါးလှူဒါန်းပွဲနှင့် ညနေပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များက ပန်းနံ့သာ၊ ဆီမီးစေတီ၊ ပန်းစေတီ၊ ငှက်ပျောစေတီများဖြင့် ပူဇော်ကြသည်။

ထို့အတူ ဆူးလေစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ကမ္ဘာအေးစေတီတော်၊ မဟာဝိဇယ၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ တောင်ဥက္ကလာပစေတီတော်၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ ကျိုက်ခေါက်စေတီတော်၊ ပါဒကြီးဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ကုသိုလ်ပုည ပြုကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာပြုကြသူများဖြင့် အထူးများပြားလျက်ရှိသည်။ **(သတင်းစဉ်)**

၁၃၇၁ခုနှစ် တပေါင်းလပြည့်နေ့က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးတွင် ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းသည် (၁၆)ကြိမ်မြောက် အသင်းသား စုံညီ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာခန်းမ UMFCCI Office Tower အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးတက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ၊ အသင်းသားများသည် အသင်းရုံးတည်ရှိရာ UMFCCI Office Tower ငါးလွှာ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၃၀၊ ၂၁၄၈၃၂တို့သို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အိန္ဒိယဝန်ကြီးချုပ် ဆော်ဒီသို့ အလည်အပတ်ခရီးထွက်ခွာ

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ဖေဖော်ဝါရီ ၂၇ရက်က အလည်ခရီးထွက်ခွာသွားကြောင်း၊ သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း လုံခြုံရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် မီဒီယာလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဂျပန် အိုကီဝါနာကျွန်း၌ ငလျင်လှုပ် ၊ ဆူနာမီဖြစ်ပေါ်

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်း၌ ဖေဖော်ဝါရီ ၂၇ရက်က ရစ်ချ်တာစကေး ဖိဒသမ ၇အင်အားရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ဒေသခံနှစ်ဦးသေဆုံးပြီး အမြင့် ခြောက်ပေ ရှိသော ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း ဂျပန် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တရားမဝင်အလုပ်လုပ်သူအမေရိကန်နိုင်ငံသား ရှစ်ဦး အဖမ်းခံရ

ပနားမားနိုင်ငံ မီရာမီဒီဗာ သင်္ဘောကုမ္ပဏီ၌ တရားဝင် အလုပ်လုပ်ကိုင်ခွင့် ပါမစ်မရှိဘဲ လာရောက်အလုပ်လုပ်ကိုင်နေသည့် အမေရိကန်နိုင်ငံသားရှစ်ဦးအား ပနားမားအရာရှိများက ဖေဖော်ဝါရီ ၂၇ရက်၌ ဖမ်းဆီးလိုက်ကြောင်း ပနားမားအစိုးရက သတင်းထုတ်ပြန်သည်။

အိန္ဒိယရေငုပ်သင်္ဘောတစ်စင်း မီးလောင်မှု ဖြစ်ပွား

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ရေတပ်သင်္ဘောကျင်းတစ်ခု၌ ပြင်ဆင်နေသော ရေငုပ်သင်္ဘောတစ်စင်းတွင် ဖေဖော်ဝါရီ ၂၇ရက်က လုပ်ငန်းခွင်မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရေတပ်ဖွဲ့က ပြောကြားသည်။

အီဂျစ်ကမ်းခြေ၌ အပျော်စီးသင်္ဘောမတော်တဆဖြစ်ပွား

အီဂျစ်နိုင်ငံ ရှန်အယ်ရှိတ် အပန်းဖြေစခန်းသို့ ဝင်ရောက်ဆိုက်ကပ်မည့် ခရီးသည် ၁၄၀၀ကျော် တင်ဆောင်လာသော အပျော်စီး သင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ ရိုက်ခတ်ခံရရာမှ ခရီးသည် သုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ဆိပ်ကမ်း အရာရှိများက ပြောကြားသည်။

ဆိုမာလီကမ်းလွန်၌ ယီမင်ငါးဖမ်းသမား အသတ်ခံရ

ဆိုမာလီနိုင်ငံ ဘာဂယ်ကမ်းလွန်၌ ဆိုမာလီဓားပြများက ယီမင်ငါးဖမ်းသင်္ဘော တစ်စင်းကို အပိုင်စီးပြီး ငါးဖမ်းသမား တစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း ဆိုမာလီကမ်းခြေစောင့်တပ်ဖွဲ့က ဖေဖော်ဝါရီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

နယူးယောက်၌ ဆီးနှင်းများထူထပ်စွာကျဆင်း

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဖေဖော်ဝါရီ ၂၇ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ နေအိမ်ခေါင်မိုးများ၊ ကားလမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း၊ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်လျက်ရှိကြောင်း၊ ဆီးနှင်းများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ကြောင်း၊ နယူးယောက်မြို့ရှိ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားရကြောင်း သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ) (အင်တာနက်)***

28-2 (05).pmd 1 2/28/2010, 2:30 AM

❒ ကျောဖုံးမှ

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက စေတီတော် ဂေါပကအဖွဲ့ ဖွဲ့စည်းပေးပြီး ဖြစ်၍ တည်ဆောက်ပြီး သာသနိကအဆောက်အအုံများကို စေတီတော်တည်ဆောက်ရေးအဖွဲ့က ဂေါပကအဖွဲ့သို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားရေး၊ ဘုရားဖူးလာ ပြည်သူများ စိတ်နှလုံး ကြည်နူးချမ်းမြေ့စွာ ကုသိုလ်ဒါန ပွားများနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရေး၊ စေတီတော်ကြီး ပိုမိုတင့်တယ် သပ္ပာယ်မှုရှိရေးအတွက် မွမ်းမံမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ ရေ၊ မီး၊ လျှပ်စစ်သုံးစွဲမှုများ၊ သန့်ရှင်းရေးလုပ်ငန်းများ ပုံမှန် စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ရေး၊ စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့မှုအတွက် ထိန်းသိမ်းမှုလုပ်ငန်းများကို သာသနာရေးဝန်ကြီးဌာန၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားရေး၊ မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများ ပုံမှန် ထိထိရောက်ရောက် ဆောင်ရွက်သွားရေးနှင့် စေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ဂေါပကအဖွဲ့နှင့် ဂေါပကအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းရေးဆွဲထားမှု၊ သာသနိကအဆောက်အအုံများ ခွဲဝေတာဝန်ယူမှု၊ စေတီတော်တည်ဆောက်ရေးအဖွဲ့က ဂေါပကအဖွဲ့ရုံးသို့ လွှဲပြောင်းပေးခဲ့သည့် အခြေအနေ၊ ဝတ်အသင်းများ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဘဏ်ထွန်းနှင့် သစ်တောရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်သုံးသပ်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် စေတီတော် လိုဏ်တော်အတွင်း၌ ဗုဒ္ဓဝင် ကျောက်ထွင်းပန်းချီပုံတော်များ တပ်ဆင်ပူဇော်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

တည်ဆောက်ခဲ့

ယင်းနောက် အတွင်းရေးမှူး(၁)သည် စေတီတော်ပရိဝုဏ်ရှိ ဥပ္ပါတသန္တိစေတီတော် ပြတိုက်၊ မော်ကွန်းတိုက်နှင့် ပိဋကတ်တိုက်တို့သို့ ရောက်ရှိပြီး ဗုဒ္ဓဖြစ်တော်စဉ် ပြခန်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းပြခန်းနှင့် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများပြခန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်ကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်း ဗီဒီယိုနှင့် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီး ဘုရားများ မှတ်တမ်းဗီဒီယိုပြသမှုတို့ကို ကြည့်ရှုအားပေးပြီး သာသနာရေးဆိုင်ရာ စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုသည်။

ခင်းကျင်းပြသ

အဆိုပါ ပြတိုက်၊ မော်ကွန်းတိုက်နှင့် ပိဋကတ်တိုက်တို့တွင် သာသနာရေးဆိုင်ရာ စာကြည့်တိုက်၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းပြခန်း၊ ဗုဒ္ဓဖြစ်တော်စဉ်ပြခန်းနှင့် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများပြခန်းများ အပြင် ဘုရားခန်း၊ ဓာတ်တော်၊ မွေတော်၊ ဆင်းတုတော်များပြခန်း၊ စေတီတော်ပုံစံငယ် ပြခန်းနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြခန်းတို့ကို Light Box များဖြင့် ခင်းကျင်းပြသထားသည်။

စာကြည့်တိုက်တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ရေးသားထားသည့် သာသနာရေးဆိုင်ရာ ဗုဒ္ဓစာပေများ၊ ပေစာ၊ ပုရပိုက်နှင့် ကမ္မဝါများကို စုံညီစွာ ခင်းကျင်းပြသထားသည်။

အသုံးပြုခဲ့

မော်ကွန်းတိုက်တွင် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ခဲ့မှု သမိုင်းပြကွက်အဖြစ် စေတီတော်ကြီး တည်ဆောက်စဉ်က အသုံးပြုခဲ့သည့် ပစ္စည်းများကို ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

လှည့်လည်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိ စေတီတော်ပြတိုက်၊ မော်ကွန်းတိုက်နှင့် ပိဋကတ်တိုက်တို့ရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

လာအိုနိုင်ငံ၌ကျင်းပသည့် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့ ၏ နဝမအကြိမ်အစည်းအဝေးသို့ ဒုတိယဝန်ကြီးဦးမောင်မြင့် တက်ရောက်ခဲ့

နယ်စပ်ကုန်သွယ်မှု၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bounkeut SANGSOMSAK ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၂ရက်မှ ၂၆ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ နဝမအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ပူးတွဲဆောင်ရွက်

မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ နဝမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းတွင် လာအိုပလာဇာဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Bounkeut SANGSOMSAK တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်အာဏာပိုင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် နယ်စပ်ဖြတ်ကျော်သွားလာရေး၊ မဲခေါင်မြစ်ကြောင်း အသုံးချရေး၊ နယ်စပ်ကုန်သွယ်မှု၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စ၊ နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်များကိစ္စတို့ကို ဆွေးနွေးခဲ့သည်။ မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ် အာဏာပိုင်များအဖွဲ့၏ နဝမအကြိမ် အစည်းအဝေး မကျင်းပမီ အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကျင်းပခဲ့သည်။

လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ နဝမအကြိမ် အစည်းအဝေး သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Bounkeut SANGSOMSAK က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆိုလစ်အား သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းပြည်နယ်အတွင်းရှိ ဇန်ဗီယန်ခရိုင်သို့လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေအားလျှပ်စစ် ထုတ်လုပ်သည့် Nam Ngum ရေလှောင်တမံသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ ၂၅ရက် ညနေပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံပြီး အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ ထိုင်းနိုင်ငံ၏ ဥက္ကဋ္ဌ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် သံအမတ်ကြီး Mr. Vasin Teeravechyan နှင့် တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး တောင်ညိုကျေးရွာ အလင်းတံခါးစာကြည့်တိုက်၌ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် အခြေခံပညာစာကြည့်တိုက်သင်တန်း (၁/၂၀၁၀)မှ အဖွဲ့(၁)တွင် ပါဝင်သော ကသ-၁ ဦးအောင်မျိုးဝင်း၊ ကသ-၂ ဒေါ်လှလှနွယ်၊ ကသ-၃ ဒေါ်ဟန်စုယဉ်၊ ကသ-၄ ဒေါ်မင်းမင်းအေး၊ ကသ-၅ ဒေါ်နန်းခင်စန်းဝေတို့သည် မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ပေါ်ပေါက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ရက်တို့တွင် တောင်ညိုကျေးရွာ အလင်းတံခါးစာကြည့်တိုက်၌ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ရရှိပြီးစာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းရေး၊ အလှူရှင် တိုးပွားရေး၊ စာငှားကတ်စနစ်ကျင့်သုံးပြီး ရန်ပုံငွေရရှိရေး၊ စာကြည့်တိုက်ကိုယ်ပိုင်မြေ အဆောက်အအုံရရှိရေးတို့ကို သင်တန်းအဖွဲ့ခေါင်းဆောင် ကသ-၂ ဒေါ်လှလှနွယ်(ဦးစီးမှူးရုံးချုပ်)က ဆွေးနွေးရာ တောင်ညိုကျေးရွာဥက္ကဋ္ဌ ဦးသန်းဆွေက လက်ရှိစာကြည့်တိုက် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးသည်။

အဖွဲ့(၁)သည် တောင်ညိုကျေးရွာ အုပ်စုအတွင်းရှိ တောင်ညိုကျေးရွာနှင့် မရမ်းခုံကျေးရွာရှိ စာကြည့်တိုက်များတွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသခြင်း၊ ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် ငွေကျပ် ၁၀၅၀၀၀ လှူဒါန်းခြင်း၊ စာကြည့်တိုက်ပညာ သိမှတ်ဖွယ်ရာအမည်ဖြင့် သင်တန်းများ ပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖွံ့ဖြိုးမှုရောင်ခြည်သန်းနေသည့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကားလမ်း

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈

ကျိုင်းတုံမှ တာချီလိတ်သို့ ခရီးဆက်ကြမည်မို့ ပြင်ဆင်ရသည်။ မော်တော်ယာဉ်ခရီးစဉ်က ပို၍အဆင်ပြေပြီး ပတ်ဝန်းကျင်ကို လှေလာကြည့်ရှုခွင့်ရနိုင်သဖြင့် ရွေးချယ်လိုက်ပြီး နံနက်စနာရီတွင် မော်တော်ယာဉ်ဖြင့် တာချီလိတ်သို့ စတင်ထွက်ခွာခဲ့လေသည်။

ကျိုင်းတုံမှအတွက် ရှမ်းတောင်တန်းများပေါ်တွင် မြူနှင်းများ ဝေနေဆဲ····။ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းတို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တစ်ခွင်တွင် နေရာတိုင်း ငြိမ်းချမ်းမှုများ ဖုံးလွှမ်းလျက်ရှိသည်။ လွတ်လပ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်နေကြသော ဒေသခံတိုင်းရင်းသားများကို ကားလမ်းဘေးကပ်လျက် ကျေးရွာတိုင်း၌ မြင်တွေ့ခဲ့ရသည်။

လွှင့်ပျံ့

ကျိုင်းတုံမှ မောင်းနှင်လာသော မော်တော်ယာဉ်သည် အဆင်းအတက် အကောက်အကွေ့ပေါင်း များစွာကို ဖြတ်သန်းလာစဉ် ကားလမ်းဘေး ဝဲယာ၌ တောင်ယာစိုက်ခင်းများကို အမြင်လှပစွာ မပြတ်တမ်း တွေ့မြင်ခဲ့ရသည်။ တောင်ယာလှေကားထစ် စိုက်ပျိုးခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုကို စိမ်းလန်းနေသော တောင်ယာစိုက်ခင်းများက ပြသလျက်ရှိသည်။ မကြာမီ ပန်လှော့ရွာသို့ ရောက်ရှိလာသည်။ ကားလမ်းဘေးကပ်လျက် တည်ဆောက်ထားသော ပန်လှော့ရွာ စာသင်ကျောင်းကို တွေ့ရသည်။ စနစ်တကျ သေသပ်လှပစွာ တည်ဆောက်ထားသော မူလတန်းကျောင်းကို ဖြတ်သန်းစဉ် ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ၏ စာအံသံများ လွှင့်ပျံ့

“ကျိုင်းတုံ-တာချီလိတ် ကားလမ်းကြောင့် သွားလာရတာ အရမ်းကို အဆင်ပြေသွားပါပြီ”

မထွီးဖား
ကန်ကွဲရွာ။

နေမှုကို ကြားခဲ့ရသည်။ အိုးမကွာ၊ အိမ်မကွာ အေးချမ်းစွာ ပညာသင်ကြားနိုင်သော တိုင်းရင်းသား ရင်သွေးငယ်များ၏ စာအံသံများက နားဝင်ပီတိဖြစ်စရာပင်····။

ရှည်လျား

ပန်လှော့ရွာမှ အထွက်တွင် ကားလမ်းအကွေ့အကောက်ပိုများလာသည်။ ကျိုင်းတုံမှ ထွက်လာကတည်းက မော်တော်ကားလမ်းမှာ ချိုင့်ကျင်းများ၊ ကတ္တရာပေါက်များကို လုံးဝမတွေ့မြင်ခဲ့ရချေ။ ကုန်တင်ကားကြီးများ အပါအဝင် ခရီးသည်တင် အဆင့်မြင့်မော်တော်ယာဉ်ကြီးများပါ ကားနှစ်စီးလွတ်လပ်ကျယ်ဝန်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်အောင်ကျယ်ပြန့်စွာ ဖောက်လုပ်ပေးထားသည်ကို တွေ့ရသည်။ ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးကား အရှည်မိုင် ၁၀၀ကျော် ရှည်လျားကြောင်း သိရသည်။

ဤပြည်ထောင်စု ကားလမ်းမကြီးပေါ်တွင် ကိုယ်ပိုင်မော်တော်ယာဉ်များ၊ ခရီးသည်တင် အဆင့်မြင့်မော်တော်ယာဉ်ကြီးများ၊ ကုန်တင်ကားများ မပြတ်တမ်း မောင်းနှင်ဖြတ်သန်းနေမှုကို သတိပြုမိခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာမှုနှင့်အတူ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးများကလည်း လျင်မြန်လာခဲ့ပြီဖြစ်သည်။

အဆင်ပြေ

ပန်ကွဲရွာသို့ ရောက်ရှိချိန်တွင်မွန်းတည့်ပြီဖြစ်သည်။ မော်တော်ယာဉ် ခေတ္တရပ်နားပြီး ခရီးသည်များလည်း ခေတ္တဆင်းကာ အနားယူ ကြသည်။ ပန်ကွဲရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ ကျော်၌ တည်ရှိသည်။ ပန်ကွဲရွာသည် နာမည်ကျော် ပင်စိမ်းသီးများ ထွက်ရှိရာဖြစ်သဖြင့် ခရီးသည်များက ဒေသထွက်ကုန်များ အမှတ်တရ ဝယ်ယူကြသည်ကို တွေ့ရသည်။

ပန်ကွဲရွာတွင် ဆက်သွယ်ရေးစခန်းထားရှိပေးထားသဖြင့် နိုင်ငံတစ်ဝန်းသာမက ပြည်ပအထိ တယ်လီဖုန်းပြောဆိုခန့်ထားချိုသာစွာဖြင့် ဒေသခံ တိုင်းရင်းသားများ အချိန်မရွေး လွယ်လင့်တကူ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။ ပန်ကွဲရွာသူ မထွီးဖားနှင့်တွေ့ဆုံမေးမြန်းရာ “ဒီကားလမ်းမကြီး ဖောက်လိုက်တော့ သွားလို့လာလို့ အရမ်းအဆင်ပြေတယ်” ဟု ပြောပြသည်။

ပန်ကွဲမှ ဆက်လက်ထွက်ခွာခဲ့ရာ တောင်ဆင်း တောင်တက်ပိုများလာသည်။ လမ်းအကွေ့အဝိုက်များကြောင့် ပတ်ဝန်းကျင်ရှုခင်းများကို ရှုထောင့်မျိုးစုံမှ မြင်တွေ့ရသည်။ တောင်ယာစပါးစိုက်ခင်းများ၊ ပင်စိမ်းသီးစိုက်ခင်းများကို တွေ့မြင်ရသည်။ ဤဒေသတွင် ဆန်စပါးထွက်ရှိမှု ဖူလုံပြီး ရာသီသီးနှံများဖြစ်သော မုန်ညင်း၊ ပန်းဂေါ်ဖီ၊ လိမ္မော်နှင့် အခြား စားသုံးသီးနှံများထွက်ရှိမှု ပိုလျှံသဖြင့် ကျိုင်းတုံနှင့် တာချီလိတ်မြို့များသို့ တင်ပို့ရောင်းချကြသည်။

ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဥဒဟို မောင်းနှင်သွားလာနေကြသော ဒေသထွက်ကုန်များ အပြည့်တင်ဆောင်လာသော ကုန်တင်ယာဉ်များကို ၂၄နာရီပတ်လုံး မပြတ်တမ်း တွေ့ရှိရသည်။ ကျယ်ပြန့် ညီညာလှသော ကတ္တရာလမ်းကြောင့် မော်တော်ယာဉ်များ တစ်စီးနှင့်တစ်စီး ခဲခဲယဉ်းယဉ်း ရှောင်တိမ်းစရာမလိုဘဲ မောင်းနှင်နိုင်သည့် အနေအထားရှိသည်။

မိုင်းဖြတ်

မိုင်းဖြတ်မြို့အဝင်သို့ ရောက်သည့်အခါ မော်တော်ယာဉ် ခေတ္တရပ်နားသည်။ မိုင်းဖြတ်မြို့တွင် မက်မန်း၊ အုန်းသီး၊ ဖရဲသီးများကို လှိုင်လှိုင်ရောင်းချသည်ကို သတိပြုမိသည်။ မိုင်းဖြတ်အုန်းစိမ်းရည်က အရသာ ထူးခြားကြောင်းသိရသည်။ မိုင်းဖြတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀အမြင့်၌ တည်ရှိသည့်မြို့ဖြစ်သည်။ သို့သော် စိုက်ပျိုးရေးဖြစ်ထွန်းပြီး နယ်မြေတည်ငြိမ် အေးချမ်းမှုကြောင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးလာသော မြို့တစ်မြို့ ဖြစ်သည်။

မိုင်းဖြတ်မြို့မှ ဆက်လက်ထွက်ခွာလာရာ မြို့အထွက်၌ မိုင်းယောင်းဘက်သို့ သွားသော ကတ္တရာခင်းလမ်းကို တွေ့ရသည်။ မိုင်းဖြတ်နှင့် မိုင်းယောင်းကို ကတ္တရာခင်းလမ်း ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် အချိန်မရွေး၊ ရာသီမရွေး၊ သွားလာနိုင်ကြပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားများ ဝမ်းသာမဆုံး ရှိနေကြကြောင်းသိခဲ့ရသည်။

မော်တော်ကားလမ်းများ ဖောက်လုပ်ပေးပြီးနောက် အမြဲတမ်း ထိန်းသိမ်းမှု ပြုလုပ်နေခြင်းကြောင့် လမ်းပျက်စီးမှု မရှိကြောင်း တွေ့ခဲ့ရသည်။

မိုင်းဖြတ်မှ တစ်နာရီခန့်မောင်းနှင်လာခဲ့ပြီး တာလေမြို့သို့ ရောက်ရှိချိန်၌ ညနေ ၄နာရီခန့်ရှိပေပြီ။ တာလေမြို့ဝန်းကျင် ဒေသကား မြေပြန့်ဖြစ်သည်။ နွေစပါး စိုက်ပျိုးထားရှိမှုများကြောင့် စိမ်းစိုလန်းဆန်းသော လယ်ကွင်းများကို တွေ့ရသည်။ ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကားလမ်းကြောင့် တာလေမြို့သည် မြို့ပြအသွင် ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပေပြီ။

တာလေတံတား

တာလေမြို့မှအထွက် ခိုင်ခံ့စွာ တည်ဆောက်ထားသော တာလေတံတားပေါ်မှ ဖြတ်သန်းခဲ့သည်။ တာလေတံတားကြောင့် ခရီးလမ်းအဟန့်အတား အခက်အခဲမရှိတော့ချေ။ တာလေနှင့် တာချီလိတ်မြို့အကြားတွင် မော်တော်ယာဉ်မျိုးစုံ သွားလာမောင်းနှင်မှု ပိုမိုများပြားလာသည်။ တာချီလိတ်မြို့အနီး ရောက်လာသည်နှင့်အမျှ တောင်ကွေ့၊ တောင်တက် ပိုမိုများပြားလာသော်လည်း ကားလမ်းအနီး ဟန်ဘတ်ရွာရောက်သည်နှင့် မြေပြန့်ပြန်ဖြစ်သွားသည်။ ကားလမ်း ပိုကျယ်လာသလို တာချီလိတ်မြို့၏ အငွေ့အသက်ကိုလည်း စတင်ခံစားရသည်။ ကားလမ်းဝဲယာတွင် နေအိမ်တိုက်တာများဖြစ်လာသည်။ နောက်ဆုံးပေါ်ကားမျိုးစုံ မောင်းနှင် သွားလာမှုကို ပိုမိုမြင်တွေ့ရသည်။ မကြာမီ ခေတ်မီမြို့ပြအသွင်ကို ပြည့်ပြည့်ဝဝ ရောက်ရှိနေပြီဖြစ်သည့် တာချီလိတ်မြို့သို့ ရောက်ရှိခဲ့လေသည်။ တာချီလိတ်မြို့ကား ဖွံ့ဖြိုးတိုးတက်စည်ကားစွာဖြင့် နွေးထွေးစွာကြိုဆိုလျက်···· ။ ။

(မြန်မာ့အလင်း)

တောင်ကြောများတစ်လျှောက် ကွေ့ဝိုက်စွာ ဖောက်လုပ်ထားသော ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျစွာ ဤသို့ မြင်တွေ့ရသည်မှာ····

(မြန်မာ့အလင်း)

ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကား လမ်းမပေါ်မှ ပန်ကွဲရွာ၌ အများပြည်သူ သုံးတယ်လီဖုန်းစခန်း ထားရှိပေးမှု ကြောင့် နိုင်ငံ တစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပြောဆို နိုင်ရန် အသင့် စီစဉ်ပေးထားမှု ကလည်း ဤသို့····။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဟားခါးမြို့တွင်း သာယာလှပရေးဆောင်ရွက်

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ရက်က ဟားခါးမြို့တွင်း သာယာလှပရေးနှင့် မြို့တွင်းကတ္တရာလမ်းခင်းနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(ပြည်နယ် ပြန်/ဆက်)

ဖလမ်းခရိုင်ပြန်/ဆက် ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၇ရက် ည ၈နာရီက ဖလမ်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဖလမ်းခရိုင်ဦးစီးအရာရှိနှင့် ခရိုင်အောက်ရှိ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

သံတောင်ကြီးမြို့ ထင်းရှူးလမ်းကတ္တရာခင်း

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ထင်းရှူးလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

ဖားကန့် စည်ပင်သာယာကျောက်စီလမ်းခင်း

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖေဖော်ဝါရီ ၇ရက်က ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သည့် လုံးခင်းကျေးရွာအုပ်စု ကီဆီး-ဆိုင်းရာ-မဇ္ဇပ်ယန်ကျောက်စီလမ်းခင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ပွင့်ဖြူ၌ သရဖီလမ်းကတ္တရာခင်း

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မြို့ပြလမ်းဖြစ်သော သရဖီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့် ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

နမ္မတူ၌ မူခင်းကျဆင်းရေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ မြို့တော်ခန်းမ၌ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှညွန့်ငွေက အမှာစကားပြောကြားပြီး မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ဒုတိယရဲမှူးသိန်းနိုင်က ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်

ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း တတိယအကြိမ် အမှုဆောင်ကော်မတီဝင် ရွေးချယ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က မြစ်ကြီးနားမြို့ တိုင်းရင်းဆေးရုံခန်းမ၌ကျင်းပရာ အမှုဆောင်သစ်ဖွဲ့စည်းရေးတာဝန်ခံ ဦးသာအောင်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း တတိယအကြိမ် အမှုဆောင်သစ်များကို ရွေးချယ်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ရေနံချောင်း၌ ပန်းအလှပင်များစိုက်ပျိုး

ရေနံချောင်းမြို့ မြေနီခင်တောင်ရပ်ကွက် လက်ပံစုံလမ်းဆုံ မြေယာရှုခင်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ငါန်းဇွန်မြို့သာယာလှပရေးဆောင်ရွက်

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဖေဖော်ဝါရီ ၂၂ ရက်က မြို့အဝင်မုခ်ဦး၌ ဝန်ထမ်းများဆောင်ရွက် နေမှုကို အမှုဆောင်အရာရှိဦးဝင်းဗိုလ်က ကြပ်မတ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

မိုးဆန်းပန်းစာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စင်းခန်းကျေးရွာ မိုးဆန်းပန်းစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၇ရက်က အဆိုပါစာကြည့်တိုက်မြေနေရာ၌ကျင်းပရာ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးလှနှင့် အဖွဲ့ဝင်တို့က ပန္နက်ရိုက်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

စိမ်းလန်းစိုပြည်၊ ပြည့်ဖြိုးဝေလျှံ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဝန်ယူရေလှောင်တမံ

သတင်းခရီးသည် - ကျော်စိန် ➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသ ပခုက္ကူမြို့သို့ နောက်တစ်ကြိမ် ရောက်ခဲ့ရပြန်ပါပြီ။ ၂၀၁၀နှစ်ဦးပိုင်း ဇန်နဝါရီလက ဂန့်ဂေါခရိုင် ကျောက်ထုမြို့ သန်းဥချောက်ရေလှောင်တမံ သတင်းဆောင်းပါးနှင့် ဓာတ်ပုံရယူရန် ပခုက္ကူမြို့သို့ ရောက်ရှိခဲ့သည်။ ယခုတစ်ခေါက်ခရီးမှာမူ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် ဖွင့်လှစ်တော့မည့် ဝန်ယူရေလှောင်တမံ တည်ဆောက်ပြီးစီးမှုကို လေ့လာရန်ပင်ဖြစ်ပါသည်။

မကွေးတိုင်း ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)မှ စီစဉ်ပေးမှုဖြင့် သတင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ရက်က ပခုက္ကူမြို့မှ ဆိပ်ဖြူမြို့သို့ မော်တော်ယာဉ်ဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့ ခရီးထွက်ခဲ့ကြသည်။ တန့်ကြည့်တောင်ကို ကျော်ဖြတ်ပြီး ဆိပ်ဖြူမြို့သို့ရောက်ခဲ့သည်။ ဆိပ်ဖြူ-ဆော မိုင်တိုင် ၂၉မှ အရှေ့မြောက်ဘက် မြေသားလမ်းအတိုင်း တစ်မိုင်ခွဲခန့် ဝင်ရောက်ခဲ့ရာ ဝန်ယူရေလှောင်တမံ တည်ရှိရာသို့ ရောက်ရှိခဲ့ကြသည်။

စိုက်ပျိုးရေရရှိနိုင်ရေး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ပခုက္ကူခရိုင်အတွင်း ဒေသကိုပိတ်၍ ဝန်ယူရေလှောင်တမံကို ထပ်မံတည်ဆောက်ကာ လယ်မြေ ၃၄၅ ဧကကို မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ပေးဝေရန်ပင်ဖြစ်သည်။ မိုးရေတစ်ခုတည်းကိုသာ အားကိုးအားထားပြု စိုက်ပျိုးနေရသည့် တဂျောင်း၊ ကန်ဇွန်းမ၊ အဟွန်းကြီးကျေးရွာအုပ်စုများမှ လယ်မြေများအတွက် ဖြစ်သည်။

ရေလှောင်ပမာဏ

ဝန်ယူရေလှောင်တမံမှာ အလျား ပေ ၂၃၀၀၊ အမြင့် ၂၈ပေရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၂၄၀၀ဖြစ်ပြီး ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာသည် ဧက ၁၂၀ ဖြစ်သည်။

"ဝန်ယူဆည်ရေဖြင့် မိုးစပါးရော၊ နွေစပါးပါ ရာသီအလိုက် စိုက်ပျိုးနိုင်ပါပြီ"

ဦးစိုးတင့်
ဒုတိယဦးစီးမှူး
ဆည်မြောင်းဦးစီးဌာန။

မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေ ရရှိရန် နည်းလမ်းအသွယ်သွယ်ဖြင့် ကြံဆဖော်ထုတ်ပေးလျက်ရှိပါကြောင်း၊ ဆိပ်ဖြူမြို့နယ်သည် နှစ်စဉ် ပျမ်းမျှ မိုးရေချိန် လက်မ ၃၀သာရှိကြောင်း၊ ရေလှောင်တမံမရှိစဉ်က မိုးရွာသွန်းမှုမှ ရရှိသည့် နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၂၀၀ ဆုံးရှုံးခဲ့ရကြောင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် တောင်သူလယ်သမားများ သီးနှံအထွက်တိုးကာ ဒေသဝမ်းစာဖူလုံပြီး မိသားစုဝင်ငွေတိုးတက်လာစေရေးတို့အတွက် စိုက်ပျိုးရာတွင် အဓိကလိုအပ်သော ရေကို ယခု တည်ဆောက်ပြီးဖြစ်သော ဝန်ယူရေလှောင်တမံမှ တစ်ထောင့်တစ်နေရာ ဖြည့်စွက်ပေးမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဒေသခံများနှင့်အတူ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများက လက်တွဲညီညီ ပူးပေါင်းပါဝင်သွားမှာဖြစ်ကြောင်း၊ ငွေကုန်ကြေးကျ မြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော ဝန်ယူရေလှောင်တမံကြီးကို ဒေသခံများကလည်း စေတနာအပြည့်အဝ ထား၍ ထိန်းသိမ်းစောင့်ရှောက်ကာ သဘာဝသယံဇာတ ဆည်ရေကို အကျိုးရှိရှိ သုံးစွဲကြစေလိုပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဆည်ရေရလို့ ယာမြေကနေ လယ်မြေဖြစ်တော့မှာ သေချာပါတယ်"

ဦးမြင့်ငွေ(ကျေးရွာဥက္ကဋ္ဌ)
ကန်ဇွန်းမကျေးရွာ။

ဝန်ယူရေလှောင်တမံ တာဝန်ခံ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) ဒုတိယဦးစီးမှူး ဦးစိုးတင့်က "ယခင်က မိုးရေတစ်ခုတည်းကိုသာ အားထားပြီး စိုက်ပျိုးကြရသည်ဖြစ်ရာ မိုးနှောင်းတွင် မိုးမရွာသဖြင့် အောင်ရေမရဘဲ စပါးများ အထွက်နှုန်းကျဆင်းကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုအခါ ဝန်ယူရေလှောင်တမံကြီး တည်ဆောက်ပြီးဖြစ်၍ ဆည်ရေဖြင့် မိုးစပါးရော နွေစပါးပါ ရာသီအလိုက် စိုက်ပျိုးနိုင်ကြပြီဖြစ်ပါကြောင်း၊ ယခုရေလှောင်တမံတည်ဆောက်ရာတွင် ဒေသခံပြည်သူများက အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြကြောင်း၊ ရေအလွန်ရှားသော ဒေသတွင် စိုက်ပျိုးရေသာမကဘဲ သောက်သုံးရေပါ ရရှိနိုင်တော့မည်ဖြစ်၍ ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း"ဖြင့် ပီတိစကား ပြောကြားသည်။

ကန်ဇွန်းမကျေးရွာဥက္ကဋ္ဌ ဦးမြင့်ငွေက "ယခင်က မိုးတစ်သီးတောင် မိုးကောင်းမှ စိုက်ပျိုးနိုင်ကြောင်း၊ ယခု ဆည်ရေရတော့မှာဖြစ်၍ စပါးစိုက်တာ အောင်မြင်ဖို့ သေချာသွားပြီဖြစ်ကြောင်း၊ ကန်ဇွန်းမအုပ်စုတွင် ကျေးရွာ ခြောက်ရွာရှိပြီး အိမ်ထောင်စု ၅၁၃စု၊ လူဦးရေ ၂၇၀၀ကျော် နေထိုင်ကြောင်း၊ ယာမြေ ၁၅၆၇ဧကနှင့် လယ်မြေ ၈၄၉ဧကရှိရာ မိုးစပါးကို အပြည့်စိုက်မည်ဖြစ်ပါကြောင်း၊ ဝန်ယူရေလှောင်တမံဆည်ရေကြောင့် ယာမြေကနေ လယ်မြေဖြစ်လာတော့မှာ သေချာပါကြောင်း" ဖြင့် ပြောကြားသည်။

ကန်ဇွန်းမကျေးရွာ ရပ်မိရပ်ဖတောင်သူ ဦးခင်မောင်သန်းက" ဒီအနားတစ်ဝိုက်မှာ ဝန်ချောင်းဆည်နဲ့ ဝန်လိုဆည်တွေ ရှိပါတယ်။ အခု ဝန်ယူနဲ့ဆိုရင် ဆည်သုံးဆည်ပေါ့။



"ရေရှားတဲ့ဒေသမှာ ရေရအောင်ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ပါတယ်"

ဦးခင်မောင်ဝင်း
ယာယီကျောင်းအုပ်ကြီး
ကန်ဇွန်းမအထက်တန်းကျောင်းခွဲ။

ကျွန်တော်တို့က ဝန်ယူဆည်ကို အားထားရမှာဖြစ်ပါတယ်။ အရင်က တစ်ဧကကို စပါးတင်း ၄၀လောက်ပဲထွက်တယ်။ အောင်ရေမရတော့ စပါးအထွက်နှုန်းကျတာပေါ့။ အခု ဆည်ရေနဲ့အောင်ရေသေချာတော့ တစ်ဧက တင်း ၇၀ လောက်ထွက်မှာ သေချာပါတယ်။ မိုးစပါး၊ နွေစပါးနဲ့ နှမ်း သုံးသီးစိုက်ပါ့မယ်"ဟု ကြည်နူးစွာပြောကြားသည်။



"ရေလှောင်တမံမရှိစဉ်က မိုးရွာသွန်းသော... ဧကပေ ၁၂၀၀ ဆုံးရှုံးခဲ့ပါတယ်"

ဦးမောင်မောင်လွင်၊ ...
ဆည်မြောင်း...

အထူးဝမ်းမြောက်

ဝန်ယူရေလှောင်တမံကြီး၏ တမံပေါင်အနီး တွေ့ဆုံရသော ကန်ဇွန်းမအထက်တန်းကျောင်းခွဲ၏ ယာယီကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက "ရေရှားတဲ့ဒေသမှာ ရေရအောင်ဆောင်ရွက်ပေးလို့ အထူးဝမ်းမြောက်ရပါကြောင်း၊ ကျောင်းတွင် ကျောင်းသား



"ဆည်ရေရလို့ အောင်ရေရရင် တစ်ဧက တင်း ၇၀ထွက်မှာ သေချာပါတယ်"

ဦးခင်မောင်သန်း(တောင်သူ)
လယ်သုံးဧကစိုက်သူ(ကန်ဇွန်းမ)။

ကျောင်းသူဦးရေ ၅၅၀ကျော် ပညာသင်ကြားလျက်ရှိကြောင်း၊ ရေလှောင်တမံကြီး တည်ဆောက်ပေးသဖြင့် တာပေါင်ကြီးပေါ်မှ လမ်းသွားရသဖြင့် ကျောင်းသား ကျောင်းသူများ ပိုမိုအဆင်ပြေသွားပါကြောင်း" ဖြင့် ပြောကြားသည်။ အဆိုပါကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်အိမ့်ရတနာက "ကျောင်းမှာ ကျောင်းသားတွေ

ဝန်ယူရေလှောင်တမံ၏ အရေးပေါ် ရေပိုလွှဲကို တွေ့ရပုံ။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဝန်ယူတမံ၏ လယ်မြေ ၃၄၅ဧကသို့ ရေထုတ်လွှတ်ပေးမည့် အလျားပေ ၁၂၀၀၀ရှိ ရေပေးတူးမြောင်းကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာနိုင်ငံ အနှံ့အပြား အကြီးစား၊ အလတ်စား၊ အငယ်စား ရေလှောင်တမံများကို ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသ ဝမ်းစာဖူလုံရေးတို့အတွက် တည်ဆောက်ပေးလျက်ရှိနေရာ မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်မှ ဝန်ယူရေလှောင်တမံကိုလည်း နိုင်ငံတော်က ငွေကျပ် သန်း ၁၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းသည် နိုင်ငံတော်၏ စေတနာအလှတရား ပြယုဂ်တစ်ခုဖြစ်။

ဝန်ယူတမံ၏ အကျယ်ပေ ၄၀ရှိ ကျောက်စီ ကွန်ကရစ်အမျိုးအစား ပင်မရေပိုလွှဲကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

စိမ်းလန်းစိုပြည်စေရန်နှင့် စိုက်ပျိုးရေရရှိနိုင်ရေးတို့အတွက် ဆည်ငယ်၊ ကန်ငယ် ၇၁ခုကို ဒေသအလိုက် တည်ဆောက်ပေးထားခဲ့ပြီး ဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနမှ လယ်ယာမြေ ၇၅၉၂ဧက အကျိုးပြုနိုင်ရန် ဆည်ငယ်၊ ကန်ငယ် ၄၇ခုနှင့် ဒေသဆိုင်ရာမှ အကျိုးပြု ၁၀၃၆ဧကအတွက် ဆည်ငယ်၊ ကန်ငယ်၂၄ခုတို့ဖြစ်သည်။ စုစုပေါင်း လယ်ယာမြေ ၈၆၂၈ ဧကကို ဆည်ငယ်၊ ကန်ငယ် ၇၁ခုမှ စိုက်ပျိုးရေများပေးဝေ အကျိုးပြုနေခဲ့ပြီးဖြစ်သည်။ ယခုလည်း မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အပိုင် ကန်ဇွန်းမကျေးရွာအနီး ဝန်ယူချောင်းနှင့် သင်ပေါင်းချောင်း နှစ်ချောင်းအဆုံ အကျယ်ပေ ၄၀ရှိ ကျောက်စီကွန်ကရစ်အမျိုးအစား ပင်မရေပိုလွှဲတစ်ခုနှင့် အရန်အရေးပေါ် ရေပိုလွှဲတစ်ခုကိုလည်း တည်ဆောက်ထားသည်။ ကျေးရွာများသို့ ရေပေးဝေသည့် တူးမြောင်းအလျားသည် ပေ ၁၂၀၀၀ရှိပြီး တူးမြောင်းအဆောက်အအုံပေါင်း ၁၁ခုရှိသည်။ အလျား ၈၇ပေရှိ ရေထုတ်ပြွန်ကို တည်ဆောက်ထားသည်။

အကျိုးရှိရှိသုံးစွဲ

ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က "ပခုက္ကူခရိုင်သည် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရေရှား ဒေသဖြစ်သောကြောင့် ဆည်

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကန်ဇွန်းမကျေးရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ဝန်ယူချောင်းနှင့် သင်ပေါင်းချောင်း နှစ်ချောင်းအဆုံကိုပိတ်၍ တည်ဆောက်ထားသော ဝန်ယူချောင်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေသိုလှောင်ထားရှိမှုကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)



"ရေလှောင်တမံမရှိစဉ်က မိုးရွာသွန်းသော နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၂၀၀ ဆုံးရှုံးခဲ့ပါတယ်"
ဦးမောင်မောင်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ပခုက္ကူမြို့။

အထူးဝမ်းမြောက်

ဝန်ယူရေလှောင်တမံကြီး၏ တမံပေါင်အနီး တွေ့ဆုံရသော ကန်ဇွန်းမ အထက်တန်းကျောင်းခွဲ၏ ယာယီကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက "ရေရှားတဲ့ဒေသမှာ ရေရအောင် ဆောင်ရွက်ပေးလို့ အထူးဝမ်းမြောက်ရပါကြောင်း၊ ကျောင်းတွင် ကျောင်းသား



"ဆည်ရေရလို့ အောင်ရေရရင် တစ်ဧက တင်း ၇၀ထွက်မှာ သေချာပါတယ်"
ဦးခင်မောင်သန်း(တောင်သူ)
လယ်သုံးဧကစိုက်သူ(ကန်ဇွန်းမ)။

ကျောင်းသူဦးရေ ၅၅၀ကျော် ပညာသင်ကြားလျက်ရှိကြောင်း၊ ရေလှောင်တမံကြီး တည်ဆောက်ပေးသဖြင့် တာပေါင်ကြီးပေါ်မှ လမ်းသွားရသဖြင့် ကျောင်းသား ကျောင်းသူများ ပိုမိုအဆင်ပြေသွားပါကြောင်း" ဖြင့် ပြောကြားသည်။ အဆိုပါကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်အိမ့်ရတနာက "ကျောင်းမှာ ကျောင်းသားတွေကများတော့ သောက်ရေ၊ သုံးရေ ပိုကုန်တယ်လေ။ ကျန်းမာရေးအတွက် လက်စင်စင်ဆေးဖို့ ရေလိုတယ်။ အခု ဝန်ယူရေလှောင်တမံက ဆည်ရေရတော့ ကျောင်းအတွက် ရေမပူရလို့ ဝမ်းသာပါတယ်" ဟု ရယ်ရယ်မောမော ပြောပြသည်။

စေတနာ အလှတရား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးနိုင်ရန် ရေသည် မရှိမဖြစ် အလိုအပ်ဆုံးပင်ဖြစ်သည်။ သို့ဖြစ်၍ စိုက်ပျိုးရေကိုရရှိနိုင်ရန် ဆည်မြောင်းဦးစီးဌာနအနေဖြင့် နည်းလမ်း အသွယ်သွယ်ဖြင့် ရှာဖွေကြံဆကာ ဒေသခံ

"ရေလှောင်တမံက ဆည်ရေရတော့ ကျောင်းအတွက် ရေမပူရတော့လို့ ဝမ်းသာရပါတယ်"
ဒေါ်အိမ့်ရတနာ
အလယ်တန်းပြဆရာမ။

...ပေ ၄၀ရှိ ကျောက်စီ ကွန်ကရစ်အမျိုးအစား ပင်မ...သည်။
...ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

...၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ...ကိုပိတ်၍ တည်ဆောက်ထားသော ဝန်ယူ...ထားရှိမှုကို ဤသို့ တွေ့ရသည်။
...တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြား အကြီးစား၊ အလတ်စား၊ အငယ်စား ရေလှောင်တမံများကို ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသဝမ်းစာ ဖူလုံရေးတို့အတွက် တည်ဆောက်ပေးလျက်ရှိနေရာ မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်မှ ဝန်ယူရေလှောင်တမံကိုလည်း နိုင်ငံတော်က ငွေကျပ် သန်း ၁၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းသည် နိုင်ငံတော်၏ စေတနာ အလှတရား ပြယုဂ်တစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် ကာယ ၁၂လမ်းရှိ ဓမ္မပါရဂူ ကုသိုလ်ဖြစ် ဆေးခန်းတိုးချဲ့ဆောင်ကို ဖေဖော်ဝါရီ ၂၁ရက်က အကျိုးဆောင်ဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းမင်းနှင့် ဆေးခန်းတိုးချဲ့ဆောင် အလှူရှင် ကိုထွန်းထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၁)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဖျာပုံ အမှတ်(၈၈) မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၂၇

စာပေနှင့်ပန်းချီအနုပညာရှင်များ၊ စာအုပ်လုပ်ငန်းရှင်များနှင့် မိတ်ဆွေများက ဆောက်လုပ်လှူဒါန်းခဲ့သည့် ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၉ရက် နံနက်က ပညာရည်ချွန်ဆုပေးပွဲ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသောင်းညွန့်(သတင်းထောက်-ဖျာပုံ)၊ ဘဏ္ဍာရေးမှူး ဦးမြင့်အောင်(ဖိုးအောင်လေး)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က ဂုဏ်ပြု အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တက်ရောက်လာကြသူများက ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** (၁၃၈)

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃-စီ) တည်ရှိရာ ဇရာဝတီတိုင်းဓမ္မာရုံ၌ မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

သက်ကြီးပူဇော် ကန်တော့ခံနိုင်ရန်အတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများသည် မှတ်ပုံတင်မိတ္တူနှင့် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး သုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူ၊ ကျောင်းထောက်ခံချက်နှင့်ပူးတွဲ၍ စာရင်းပေးပို့ရမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆-၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁-၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁-၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော် + ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **နလုံးသွင်းမှန်ဖို့ အရေးကြီးသည်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသာရ)
- ၆:၅၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ Sports World (Sunday Special)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၅)
- ၈:၃၀ မခန်းသောစမ်းရေ...
- ၈:၄၅ ရွှေဟင်္သာအမည်ဆန်းနှင့် တောင်ခြေစခန်းဟိုတယ်
- ၉:၀၅ မွေးရန့်တို့ဖြင့်ထုံမွှမ်းအပ်သော
- ၉:၂၅ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတည်ပေါက်နောက်တဲ့လူ**
- ၁၁:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ်သီဖွဲ့ဟန်နှင့် ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်) (အတွဲ-၂)
- ၁၁:၂၀ လရောင်အေးထဲက လေးနက်သော အိပ်မက်များ
- ၁၁:၄၀ ရောက်ခဲ့ဖူးသည် အင်းမဆီ
- ၁၂:၁၀ Vancouver 2010 Olympic Winter Games
- ၁:၀၀ **နလုံးသွင်းမှန်ဖို့ အရေးကြီးသည်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ဈေးရောင်းတာ ကောင်းတယ်၊ ဈေးမရောင်းတာ ကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၅)
- ၄:၁၅ လရောင်အေးထဲက လေးနက်သော အိပ်မက်များ
- ၄:၃၀ မွေးရန့်တို့ဖြင့် ထုံမွှမ်းအပ်သော
- ၄:၅၀ မခန်းသောစမ်းရေ...
- ၅:၁၀ ရွှေဟင်္သာအမည်ဆန်းနှင့် တောင်ခြေစခန်းဟိုတယ်
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
- ၇:၀၅ အထကအိမ်မဲ ကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ဈေးရောင်းတာ ကောင်းတယ်၊ ဈေးမရောင်းတာ ကောင်းတယ်)
- ၉:၂၅ Barclays Premier League (Sunderland Vs Fulham)
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၅)
- ၁၁:၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ်သီဖွဲ့ဟန်နှင့် ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်) (အတွဲ-၂)
- ၁၂:၁၀ အထက အိမ်မဲ ကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ
- ၁၂:၂၀ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
- ၁၂:၃၀ **ကျန်းမာသန်ထွား ဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဌမ်းပုံ
- ၁၂:၄၀ သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
- ၁၂:၅၀ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့**
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၂၅	Tottenham - Everton	ESPN (Live)
၉:၂၅	Sunderland -Fulham	Star Sports (Live)
၉:၃၀	Liverpool - Blackburn	ESPN (Live)

အင်အားအလွန်ပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၁နာရီ ၂၄မိနစ် ၂၁စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ချီလီနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ဒသမ ၅အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၇ရက် မြန်မာစံတော်ချိန် ၀၃နာရီ ၀၁ မိနစ် ၂၆စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင် ၂၁၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(ရူကျူးကျွန်းစု၊ ဂျပန်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ ၀အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရှင်တို့၏ အနုပညာခံစားမှု

အနုပညာမြင်ကွင်း-သန့်ညိုစော၊ စကားဝါအောင်(သတင်းအတတ်ပညာ) ➤ ဓာတ်ပုံ-ဖြူဝင်းသန့်(သတင်းအတတ်ပညာ) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၆ရက် ညနေခင်း…။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်းသို့ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိသူများနှင့် ဖိတ်ကြားထားသော စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက တဖွဲဖွဲရောက်ရှိလာကြသည်။ မှောင်စပျိုးနေပြီဖြစ်၍ ရောင်စုံမီးလုံးများ ထွန်းလင်းထားသည်။ အနုပညာမောင်နှမများကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေနေဆဲ….။ မြန်မာ့ရုပ်ရှင်လောကကို တည်ထောင်ခဲ့သူသုံးဦး၏ ရွှေရောင်ရုပ်တုကြီးများကလည်း ကြွားကြွားဝင့်ဝင့်….။ မြက်ခင်းပြင်၏ ဘေးဘက်အခြမ်းတွင် ရွှေစင်ရုပ်တုများနှင့် ဂုဏ်ပြုလက်ဆောင်များကို စီတန်းထားသည်။ ဤပွဲသည် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသော ပွဲဖြစ်သည်။ ညနေ ၆ နာရီခွဲတွင် အခမ်းအနားစတင်မည်ဖြစ်၍ အနုပညာရှင်၊ အတတ်ပညာရှင်များလည်း ရောက်ရှိလာကြသည်။ အကယ်ဒမီဆုရှင်ခုနစ်ဦးအနက် ပထမဦးစွာရောက်ရှိလာသူမှာ ဓာတ်ပုံအကယ်ဒမီဆုရှင် ဦးသန်းညွန့်(ပန်းသာ)ပင် ဖြစ်သည်။

တီထွင်ဖန်တီး

၂၀၀၈ ခုနှစ်အတွက် ဓာတ်ပုံ အကယ်ဒမီဆုရှင် ဦးသန်းညွန့်(ပန်းသာ) အား မေးမြန်းရာ- "ဒီလို ရိုက်ကွင်း ရိုက်ကွက်ကောင်းတွေကို ဖန်တီးခဲ့ရာမှာ ဒါရိုက်တာမီးပွားနဲ့ အတူတူပူးပေါင်း ညှိနှိုင်းပြီး ဧရာဝတီမြစ်ကို နောက်ခံထား ရိုက်ကူးခဲ့ပါတယ်။ အဖွဲ့သားတွေအကုန် ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်တာမို့ ဒီလို ရိုက်ကွက်ကောင်းကောင်းလေးတွေ ဖန်တီးနိုင်ခဲ့တာပါ။ နောက်ထပ်လည်း စိတ်ကူးအသစ်တွေ တီထွင်ဖန်တီးဖို့ ရှိပါသေးတယ်"ဟု ဖြေကြားသည်။



"ဒါရိုက်တာနဲ့ အဖွဲ့သားတွေ ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်ခဲ့တာမို့ အခုလို ရိုက်ကွက်ကောင်းတွေ ဖန်တီးနိုင်ခဲ့တာပါ"
အကယ်ဒမီ(ဦး)သန်းညွန့်(ပန်းသာ)

ခြောက်ဆု

အကယ်ဒမီ ဦးသန်းညွန့်(ပန်းသာ) သူ၏ အနုပညာသက်တမ်း နှစ် ၃၀အတွင်း အကောင်းဆုံးဓာတ်ပုံဆု အကယ်ဒမီ ခြောက်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ဦးသန်းညွန့်(ပန်းသာ)သည် **ကြိုးတန်း**ဇာတ်ကားတွင် ဧရာဝတီမြစ်၏အလှ၊ တံငါသည်များ၏ ဘဝသရုပ်ကို ဓာတ်ပုံအနုပညာဖြင့် ပီပြင်စွာ ရိုက်ကူးနိုင်ခဲ့၍ ၂၀၀၈ ခုနှစ်အတွက် အကယ်ဒမီဆု ရရှိခဲ့သူဖြစ်သည်။

ဆက်လက်ပြီး အကယ်ဒမီဆုရှင် ခန့်စည်သူအားမေးမြန်းရာတွင် "အကယ်ဒမီဆုဆိုတာ ကျွန်တော်တို့လို ရုပ်ရှင်လောကသားတွေအတွက် အထင်ကရတစ်ခုပါ။ ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေမှာ ဒါရိုက်တာတွေခိုင်းတဲ့အတိုင်း သရုပ်ဆောင်ပါတယ်။ ကိုယ့်အကြိုက်ချည်းမဟုတ်ဘဲ ပရိသတ်အကြိုက် ဇာတ်ကားမျိုးတွေ ညှိရိုက်ဖြစ်ပါတယ်။ အခုဆုရရှိခဲ့တဲ့ ဇာတ်ကောင်စရိုက်ဟာ ကျွန်တော့်ရဲ့ Masterpiece ဖြစ်တဲ့အတွက် နောက်ထပ်ပုံစံတူ ဇာတ်ကားမျိုး မရိုက်တော့ပါဘူး"ဟု ဖြေကြားသွားသည်။

"အခုဆုရရှိခဲ့တဲ့ ဇာတ်ကောင်စရိုက်ဟာ ကျွန်တော်ရဲ့ Master-piece ဖြစ်တဲ့အတွက် နောက်ထပ် ပုံစံတူဇာတ်ကားမျိုး မရိုက်တော့ပါဘူး"
အကယ်ဒမီခန့်စည်သူ

ရိုက်ကူးခဲ့

အကယ်ဒမီခန့်စည်သူသည် ၂၀၀၀ ပြည့်နှစ်တွင် အနုပညာလောကထဲသို့ စတင်ဝင်ရောက်၍ ၂၀၀၈ ခုနှစ်တွင် **အမျှားနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ဆွတ်ခူးရရှိခဲ့သည်။ ၎င်းသည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၈ခုနှစ်အထိ ဗီဒီယိုဇာတ်ကားပေါင်း ၁၈၃ကားနှင့် ရုပ်ရှင်ကားကြီး ၂၈ကား ရိုက်ကူးခဲ့သည်။ အကယ်ဒမီခန့်စည်သူကို သည် အနုပညာခရီးအတွက် ယုံကြည်ချက်အပြည့်နှင့် ဆက်လက်လျှောက်လှမ်းမည့်သူအဖြစ် မြင်တွေ့ခံစားရသည်။

"ဇာတ် ကား ကောင်း များ ဆက်လက် ထုတ်လုပ်သွားမှာပါ"
အကယ်ဒမီဦးဝင်းနိုင်
(မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေး)

အကယ်ဒမီဧည့်ခံပွဲသို့ ဆက်လက်ရောက်ရှိလာသူမှာ အကယ်ဒမီဆုရှင် ဦးဝင်းနိုင်ဖြစ်သည်။ **အမျှားနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားထုတ်လုပ်သူ မျက်ခြယ်ထုတ်လုပ်ရေးမှ ဦးဝင်းနိုင်က ဇာတ်ကားများ ဆက်လက်ထုတ်လုပ်သွားရန် ရှိပါကြောင်း၊ **မင်္ဂလာရှိသောသတို့သား** အမည်ရ ဇာတ်ကားရိုက်ကူးရန် အစီအစဉ်ရှိပါကြောင်း ပြောကြားသွားသည်။

ဇာတ်ကားကောင်း

၂၀၀၈ ခုနှစ်၏ အကောင်းဆုံး ဇာတ်ကားဆုရ **အမျှားနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားသည် မင်းလူ၏ဝတ္ထုကို အခြေခံထားခြင်းဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူနှင့် သရုပ်ဆောင် ခင်မို့မို့အေးတို့ အခန်းများစွာ ပါဝင်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

"အနုပညာသက်တမ်း ၂၅နှစ် ရှိပါပြီ၊ ပထမဆုံး အကယ်ဒမီဆု ရရှိတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်"
အကယ်ဒမီညီညီထွန်းလွင်
(ဒါရိုက်တာ)

အကယ်ဒမီညီညီထွန်းလွင်

ထို့နောက် အကောင်းဆုံးဒါရိုက်တာဆုရှင် အကယ်ဒမီ ညီညီထွန်းလွင်အား ခံစားချက်များမေးမြန်းခဲ့ရာ "မိမိ၏ အနုပညာသက်တမ်း ၂၅နှစ်အတွင်းမှာ ပထမဦးဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပရိသတ်တွေကို ကျေနပ်နှစ်သိမ့်မှု ပေးချင်တဲ့ဆန္ဒနဲ့ ဇာတ်ကားများကို ရိုက်ကူးပါတယ်။ ဆက်လက်ပြီးတော့လည်း ဇာတ်ကားကောင်းများ ဆက်လက်ရိုက်ကူးသွားမှာပါ"ဟု ပြုံးရွှင်စွာ ပြောကြားသည်။

အကယ်ဒမီ ဒါရိုက်တာညီညီထွန်းလွင်သည် ဒါရိုက်တာနောင်ထွန်းလွင်နှင့် ညီအစ်ကိုများဖြစ်ကြပြီး နှစ်ဦးစလုံးသည် ဒါရိုက်တာအတတ်ပညာတွင် ထူးချွန်ကြသည်။ ဒါရိုက်တာညီညီထွန်းလွင်သည် ဇာတ်ကားများကို စိတ်တိုင်းကျ ပုံဖော်ရိုက်ကူးနိုင်ကြောင်းကို သူ၏ဇာတ်ကားများက ဖော်ပြနေသည်။

ခင်မို့မို့အေး

ဆက်လက်၍ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့သော ရုပ်ရှင်သရုပ်ဆောင် (ဒေါ်)ခင်မို့မို့အေးကို သူမ၏ ဖြတ်သန်းခဲ့ရသော အနုပညာသက်တမ်းနှင့် ဆက်လက်လျှောက်လှမ်းသွားမည့် အနုပညာခံယူချက်များနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ- "ကျွန်မရဲ့ အနုပညာသက်တမ်း၂၄နှစ် ကာလတစ်လျှောက်လုံးမှာ ပျော်ခဲ့ရတာတွေရှိသလို မပျော်ခဲ့ရတာတွေလည်းရှိပါတယ်။ ဒါပေမယ့် အခုတော့ ဒီအကယ်ဒမီရုပ်တုလေးက ပျော်ရွှင်စေခဲ့ပါပြီ။ အကယ်ဒမီ မရခင်တုန်းကလည်း ဘယ်ဇာတ်ကားပဲရိုက်ရိုက် အကောင်းဆုံးဖြစ်အောင် ရိုက်ခဲ့ပါတယ်။ အခုလည်း အရင်တုန်းကလိုပဲ ဇာတ်ကားတွေ ဆက်လက်ကြိုးစား ရိုက်ကူးသွားပါမယ်"ဟု ခွန်အားသစ်များဖြင့် ဆက်လက် လျှောက်လှမ်းမည့်အကြောင်း ဖြေကြားခဲ့သည်။

"အနုပညာသက်တမ်း ၂၄နှစ်တာကာလမှာ ဒီအကယ်ဒမီရုပ်တုလေးက ပျော်ရွှင်စေခဲ့ပါပြီ"
အကယ်ဒမီခင်မို့မို့အေး

ခင်မို့မို့အေးသည် **အမျှားနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားတွင် ဒေါ်ငွေဇင်အဖြစ် သမီးဖြစ်သူ(ထွန်းအိန္ဒြာဗို) နှင့် ချစ်ဦးအဖြစ် သရုပ်ဆောင်သည့် ခန့်စည်သူအကြား ပီပြင်သော သရုပ်ဆောင်မှုများကြောင့် ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ဧည့်ခံပွဲသို့ ဆင္ဒမမြောက် ရောက်ရှိလာသူ အကယ်ဒမီဆုရှင်မှာ ရဲအောင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်၏ ဇာတ်ပို့ သရုပ်ဆောင်ဆုရှင် ထပ်ဆင့်အကယ်ဒမီ ရဲအောင်က "ကျွန်တော် ၁၉၉၃ ခုနှစ်မှာ **မြစ်တို့၏မာယာ** ဇာတ်ကားနဲ့ မင်းသားဆုကို ရရှိခဲ့ပါတယ်။ အခု ၂၀၀၈ ခုနှစ်မှာ ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးတဲ့ **အကယ်ဒမီရှော့** ဇာတ်ကားမှာတော့ ဇာတ်ပို့ဆုကို ရရှိခဲ့ပါတယ်။ ဒုတိယအကြိမ် အကယ်ဒမီ ထပ်မံရရှိတဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိ ဖြစ်ပါတယ်။ ခွန်အားတွေလည်း ဖြစ်ပေါ်လာပါတယ်။ မင်းသားဆုအပြင် ဇာတ်ပို့ဆုပါ ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ဆက်လက်ပြီး ကြိုးစားသွားပါဦးမယ်။ အခုလို အကယ်ဒမီဆုရရှိခြင်းဟာ ကိုယ်တစ်ယောက်တည်း ကြိုးစားမှုကြောင့် မဟုတ်ပါဘူး။ ဒါရိုက်တာနဲ့ အဖွဲ့သားတွေအားလုံးရဲ့ ပံ့ပိုးကူညီပေးခဲ့မှုကြောင့် ဖြစ်ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ကျေးဇူးလည်း ပါပါတယ်။ အကယ်ဒမီ မရခဲ့ရင်လည်း အနုပညာအလုပ်ကို ဆက်ပြီးလုပ်သွားမှာပါ။ အစကတည်းက အနုပညာအလုပ်ပဲ လုပ်မယ်လို့ ဆုံးဖြတ်ပြီး အနုပညာလောကထဲ ဝင်ရောက်ခဲ့တာပါ"ဟု ဖြေကြားခဲ့သည်။

"အကယ်ဒမီ ထပ်မံရရှိတဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိ ဖြစ်ပြီး ခွန်အားသစ်တွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်"
အကယ်ဒမီရဲအောင်

အကယ်ဒမီရဲအောင်သည် **အကယ်ဒမီရှော့**ဇာတ်ကားတွင် ခန့်ပိုင်အဖြစ် သရုပ်ဆောင်ထားပြီး ဇနီးဖြစ်သူနှင့် သူငယ်ချင်းဖြစ်သူတို့အကြား အကယ်ဒမီရှော့ဟုဆိုရလောက်အောင် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သောကြောင့် ဤအကယ်ဒမီဆုကို ရရှိနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ အနုပညာလောကတွင် ကာလတစ်ခုအထိ ဖြတ်သန်းခဲ့ပြီးမှ မလျှော့သောဇွဲဖြင့် ပီပြင်စွာ သရုပ်ဆောင်နိုင်သော ဝါရင့်အနုပညာရှင်တစ်ဦးအဖြစ် လေးစားဖွယ်ရာပင်ဖြစ်သည်။

အကယ်ဒမီမို့မို့မြင့်အောင်

အကယ်ဒမီများရှင် မို့မို့မြင့်အောင်ကိုလည်း စာနယ်ဇင်းမှပုဂ္ဂိုလ်များ ဝိုင်းဝန်းမေးမြန်းခဲ့ကြသည်။ မို့မို့မြင့်အောင်သည် ရွှေစင်ရုပ်တုကိုင်ကာ ဓာတ်ပုံအရိုက်ခံပြီးနောက် ရင်ခုန်သံကို မေးမြန်းခဲ့ပါသည်။ "ပထမဆုံးအကြိမ် အကယ်ဒမီရရှိစဉ်ဖြစ်သော စိတ်ဓာတ်ခွန်အားနဲ့ ယခုငါးကြိမ်မြောက် ရရှိသော စိတ်ခွန်အားတို့ကို တိုင်းတာကြည့်လျှင် ပျော်ရွှင်သည့်ခံစားချက် အတူတူပင်ဖြစ်သော်လည်း ပထမဆုံး အကယ်ဒမီဆုရရှိစဉ်က အဖေနဲ့အတူ ပွဲတက်ရသည့် ခံစားချက်မျိုးတော့ ယခုအကြိမ်မှာ မရရှိနိုင်တော့ ဟုဆိုပါသည်။ ငါးကြိမ်မြောက်ရပြီးသည့် နောက်ပိုင်း ရှေ့လျှောက်လည်း ပညာတော်သော အနုပညာရှင်များ ဆက်လက်ပေါ်ထွန်းလာရန် အနုပညာမောင်နှမအချင်းချင်း ရိုင်းပင်း ကူညီသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။ အကယ်ဒမီငါးဆုရှင် မို့မို့မြင့်အောင်အနေဖြင့် အနုပညာမျိုးဆက်သစ်တွေကို ပြောကြားခဲ့သည်မှာ "သရုပ်ဆောင်တစ်ယောက် ဖြစ်ဖို့ထက် ဇာတ်လိုက်ဖြစ်အောင် ကြိုးစားအားထုတ်ဖို့ပဲဖြစ်ပါတယ်"ဟု ဖြေကြားသွားခဲ့သည်။

မို့မို့မြင့်အောင်သည် **မြင်းမိုရ်ထက်ကသရဖူ** ဇာတ်ကားတွင် ခင်မေအဖြစ်လည်းကောင်း၊ မေခင်အဖြစ်လည်းကောင်း နှစ်ကိုယ်ခွဲ၍ သရုပ်ဆောင်ခဲ့သည်။ အကယ်ဒမီ မို့မို့မြင့်အောင် သရုပ်ဆောင်မှုများသည် အပိုအလိုမရှိ၊ ပိပိရိရိ သရုပ်ဆောင်နိုင်ခဲ့သောကြောင့် ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

"ပထမဆုံး အကယ်ဒမီရတုန်းက အဖေနဲ့အတူတက်ခဲ့ရတဲ့ ခံစားချက်မျိုးတော့ ယခုနှစ်မှာ မရနိုင်ခဲ့တော့ပါဘူး"
အကယ်ဒမီမို့မို့မြင့်အောင်

အကယ်ဒမီမို့မို့မြင့်အောင်သည် ပွဲစမည့် အချိန်မှီ ရောက်ရှိလာသောကြောင့် ညနေ ၆နာရီခွဲ ပွဲမစမီ အချိန်မှီ မေးမြန်းနိုင်ခဲ့သည်။ အသီးသီးနေရာယူကြပြီးနောက် အခမ်းအနားအစီအစဉ် စတင်ခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ထူးချွန်ဆုရရှိသည့် အတတ်ပညာရှင် အနုပညာရှင်များကိုယ်စား ခန့်စည်သူက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဤအခမ်းအနားလေးသည် သာယာလှပသည့် အကယ်ဒမီဆုရှင်တို့၏ ခံစားမှု၊ ဖွင့်ဟမှုတို့ဖြင့် ဝေစည်ပြည့်လျှမ်းခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
၈:၂၀ ၇။ အကပြိုင်ပွဲ
၈:၃၀ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၅၀ ၁၀။ **ညှော်မယ်ဖို့**

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၆)
၁၂:၃၅ ၅။ Golf Magazine (TV)
၁၂:၅၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ကိုကို ဘာလို့မုန်းတာလဲ** လူမင်း၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-မီးပွား)
၁၄:၄၀ ၇။ အတီးပြိုင်ပွဲ
၁၄:၄၅ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအရေး အသားအထူးပြု) (ရူပဗေဒအရေးအသား)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ **မာန်အောင်ကျွန်းပတ်လမ်း အောင်ပွဲ**
၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၂)
၆:၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ ခိုင်းတော့သက်ဝေ မင်းဦး၊ခင်ဇာခြည်ကျော်၊ [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၆)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၁)
၂၀။ ရုပ်သံကြော်ငြာများ

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ သတင်းရေးသားနည်းနှင့် သတင်းစာပညာမိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်ကို ဆွေးနွေးစဉ်။
(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူအတွက် ဗန်ဒါဆား ဆက်ရှိနေဦးမည်

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ယခုနှစ်ဘောလုံးရာသီအကုန်၌ မန်ယူဂိုးသမားကြီး ဗန်ဒါဆားအနားယူတော့မည်ဟု သတင်းထွက်ပေါ်ခဲ့သည်။ ဗန်ဒါဆားကိုယ်တိုင်လည်း နှုတ်မှ ဖွင့်ဟပြောကြားခဲ့သည်။ ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဟု….။ သို့သော် ဖာဂူဆန်၏ စည်းရုံးမှုကြောင့် မန်ယူတွင် တစ်နှစ်ဆက်ကစားရန် ဖေဖော်ဝါရီ၂၇ရက်၌ စာချုပ်လိုက်ပြီဖြစ်သည်။ ၂၀၁၁ခုနှစ်အကုန်အထိ မန်ယူတွင် ဂိုးသမားကြီး ဗန်ဒါဆား ဆက်ရှိနေဦးပေမည်။

ဗန်ဒါဆားကောက်ကြောင်း

ဗန်ဒါဆားကို နယ်သာလန်နိုင်ငံ ဗိုဟော့မြို့၌ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာ ၂၉ ရက်၌ မွေးဖွားခဲ့ရာ ယခုအသက် ၄၀ ပြည့်တော့မည်ဖြစ်သည်။ ထို့နောက် စီးရီးအေကလပ် ဂျူဗင်းတပ်စ်သို့ ပြောင်းရွှေ့ကစားခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဂျူဗင်းတပ်စ်မှ ပြောင်းရွှေ့ကြေးပေါင်ခုနစ်သန်းဖြင့် အင်္ဂလိပ်ပရီမီယာလိဂ်ကလပ် ဖူလ်ဟမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ပီအက်စ်ဗွီအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး ၂၀၀၅ ခုနှစ်၌ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ ဗန်ဒါဆား မန်ယူအသင်းသို့ ရောက်ရှိချိန်တွင် အသက်၃၅နှစ်ခန့် ရှိနေပြီဖြစ်သည်။

ဗန်ဒါဆားစွမ်းရည်

ဂိုးဖမ်း သပ်ရပ်သေချာသော ဗန်ဒါဆားကို နည်းပြဖာဂူဆန် သဘောကျခဲ့ပြီး ပထမဦးစားပေး ဂိုးသမားအဖြစ် သတ်မှတ်နေရာပေးခဲ့သည်။ ဗန်ဒါဆားကလည်း မန်ယူဂိုးပေါက်ကို လုံခြုံစွာ ကာကွယ်စောင့်ကြပ်ပေးခဲ့သည်။ ထို့ကြောင့် ဗန်ဒါဆားသည် မန်ယူအသင်းကို ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နှင့် ပရီမီယာလိဂ်ဖလား သုံးကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ မန်ယူအသင်းသို့ ၂၀၀၅ ခုနှစ်က စတင်ရောက်ရှိချိန်မှစတင်ကာ ယခုနှစ် ပရီမီယာလိဂ်ပွဲစဉ်(၂၈)ကစားပြီးချိန်အထိ မန်ယူအတွက် အပိုင်ဂိုးသွင်းကြိမ်ပေါင်း ၇၈ဖြကြိမ်တိတိကို လက်စွမ်းပြ ကာကွယ်ပေးနိုင်ခဲ့သည်။ ထိုသို့ ဂိုးမပေးရရေး ကာကွယ်မှုများတွင် ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်၊ အက်ဖ်အေဖလား၊ ကာလင်းဖလားစသည့် ဖိုလ်လုပွဲများ၌ အကြိမ်ပေါင်း ၈၂ကြိမ်လည်း အပါအဝင်ဖြစ်သည်။ ထို့အပြင် ၂၀၀၈-၂၀၀၉ ပရီမီယာလိဂ်ဘောလုံးရာသီ၌ မိနစ်ပေါင်း ၁၃၁၁ မိနစ်ကြာမျှ မန်ယူအတွက် အချိန်အကြာဆုံးဂိုးမပေးရရေးဂုဏ်ကိုလည်း စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

ဗန်ဒါဆားဆန္ဒ

အသက် ၄၀ နီးပါးရှိပြီဖြစ်သော ဗန်ဒါဆားသည် ဦးခေါင်းဒဏ်ရာနှင့် ခါးဒဏ်ရာတို့ကို ရရှိထားသည်။ သို့သော် မန်ယူကစားသမားအဖြစ် ပါဝင်ကစားနေရခြင်း၏ စိတ်ပျော်ရွှင်မှုနှင့် ဂုဏ်ယူစိတ်တို့မှာ မိမိဘဝအတွက် ပစ်ပယ်၍မရအောင် ဆွဲဆောင်နေကြောင်း၊ ထို့ကြောင့် မန်ယူ၌ ဆက်ကစားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဗန်ဒါဆားက ဖွင့်ဟခဲ့သည်။

ခံစားရ

ဗန်ဒါဆားသည် မန်ယူအတွက် မရှိမဖြစ်သော ဂိုးသမားတစ်ဦး ဖြစ်ကြောင်း၊ ဗန်ဒါဆား ပါဝင်ကစားသော ပွဲစဉ်တိုင်းသည် ပြီးပြည့်စုံသည်ဟူသော ခံစားမှုဖြစ်ပေါ်ရကြောင်း၊ ဗန်ဒါဆား ပါဝင်မကစားနိုင်သော ပွဲသည် ပြည့်စုံမှုမရှိဟု မိမိခံစားရကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ထို့ကြောင့် မန်ယူအတွက် ဗန်ဒါဆားဆက်ရှိနေမည်ဖြစ်ရာ မန်ယူအား မည်သို့သော ဆုဖလားများရယူပေးနိုင်မည်နှင့် မည်သည့်အချိန်အထိ အိုးထရက်ဖို့ဒ်ကွင်း၌ ဆက်ရှိနေမည်ကို စောင့်ကြည့်ရပေဦးမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ယူကရိန်းဟဲဗီးဝိတ်ညီအစ်ကိုအား ဟာရစ်ဆင် စိန်ခေါ်ထိုးသတ်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

လန်ဒန်မြို့၌ မေ ၉ရက်တွင် ဥရောပဟဲဗီးဝိတ်ချန်ပီယံ ဆိုစနိုစကီးကို အလဲထိုးနိုင်ခဲ့လျှင် ယူကရိန်း ဟဲဗီးဝိတ်ချန်ပီယံ ညီအစ်ကိုဖြစ်သည့် ကလစ္စကို ညီအစ်ကိုနှစ်ဦးအနက်မှ တစ်ဦးဦးနှင့် စိန်ခေါ်ထိုးသတ်သွားလိုကြောင်း အော်ဒီလေးဟာရစ်ဆင်က ပြောကြားသည်။

ရယူထား

အသက် ၃၈နှစ်ရှိ ဗြိတိသျှလက်ဝှေ့သမား ဟာရစ်ဆင်သည် ဆစ်ဒနီ အိုလံပစ်ပြိုင်ပွဲတွင် စူပါဟဲဗီးဝိတ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ယူကရိန်း ကလစ္စကို ညီအစ်ကိုနှစ်ဦးအနက် ဗစ်တာလီကလစ္စကိုသည် လက်ရှိ ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံဖြစ်သည်။ ၎င်း၏ညီဖြစ်သူ ဝါဒီမီယာသည် အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုချန်ပီယံ ခါးပတ်များ ရယူထားသူဖြစ်သည်။ **(အင်တာနက်)**

မီခေးလ်နှင့်ဒီဂျိုကိုဗစ် ဒူဘိုင်းဖလားလုကြမည်

ဒူဘိုင်း ဖေဖော်ဝါရီ ၂၇

ရုရှားတင်းနစ်ကစားသမား မီခေးလ် ယုဇနီသည် ဒူဘိုင်း အိုးပင်းတင်းနစ်ချန်ပီယံပြိုင်ပွဲတွင် ဩစတြီးယားတင်းနစ်ကစားသမား ဂျာဂျင်မီဇာအား ၇-၅၊၇-၆ (၇-၄)ဖြင့် အနိုင်ရရှိပြီး ဖိုလ်လုပွဲသို့ တက်ရောက်လာသည်။

မီခေးလ်သည် ဖိုလ်လုပွဲတွင် လက်ရှိချန်ပီယံ နိုဗက်ဒီဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒီဂျိုကိုဗစ်သည် အကြိုဖိုလ်လုပွဲတွင် မာရေ့အား အနိုင်ရပြီး ဖိုလ်လုပွဲသို့ရောက်ရှိလာခြင်းဖြစ်သည်။

ဆွတ်ခူး

လက်ရှိချန်ပီယံ ဒီဂျိုကိုဗစ်သည်ပြီးခဲ့သည့်နှစ်က ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းရေးသားသည်

တိုက်စစ်မှူး အဒီဘာယော လေးပွဲပိတ်ပင်ခံရ

လန်ဒန် ဖေဖော်ဝါရီ ၂၇

မန်စီးတီးတိုက်စစ်မှူး အဒီဘာယောအား စတုတ်စီးတီးနှင့် ကစားခဲ့သည့် အက်ဖ်အေဖလား ပဥ္စမအဆင့်ပြိုင်ပွဲ၌ တိုက်ရိုက် အနီကတ်ပြ ထုတ်ပယ်ခံရပြီးနောက် လေးပွဲ ပိတ်ပင်ခံခဲ့ရကြောင်း အက်ဖ်အေက ကြေညာသည်။

ပိတ်ပင်

အသက် ၂၅နှစ်ရှိ တိုဂိုတိုက်စစ်မှူး အဒီဘာယောသည် ထိုပွဲစဉ်တွင် စတုတ်စီးတီး နောက်တန်းကစားသမား ရှောခရော့အား ကြမ်းတမ်းစွာ ကစားခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သာမန်အားဖြင့် သုံးပွဲအပယ်ခံရမည်ဖြစ်သော်လည်း နောက်ထပ် ရန်လိုပြုမူမည့်အပြုအမူကြောင့် တစ်ပွဲတိုး၍ ပိတ်ပင်ခံခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

ကာလင်းဖလားဗိုလ်လုပွဲ ရွန်နေ နောက်ပိုင်း၌ ပွဲထွက်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၇

တိုက်စစ်မှူးရွန်နေအား ကာလင်းဖလား ဖိုလ်လုပွဲတွင် နောက်ပိုင်းကစားသမားအဖြစ် ထည့်သွင်းကစားစေရန် စဉ်းစားနေကြောင်း နည်းပြဖာဂူဆန်က အရိပ်အမြွက်ပြောကြားသည်။

ကြိုးစား

တိုက်စစ်မှူးရွန်နေသည် မတ် ၁၀ရက်တွင် အေစီမီလန်နှင့် အဓိကအရေးကြီးသော ပြိုင်ပွဲအတွက် ကစားရမည်ဖြစ်သဖြင့် ထိခိုက်ဒဏ်ရာရ၍မဖြစ်ကြောင်း၊ ကာလင်းဖလားကိုလည်း အရယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

အကြိုတ်အနယ်

မန်ယူနှင့် အက်စ်တွန်ဗီလာတို့သည် ကာလင်းဖလားဖိုလ်လုပွဲကြီးအဖြစ် ဝင်ဘလေကွင်း၌ ဖေဖော်ဝါရီ ၂၈ရက် **(ယနေ့)** ည ၉နာရီခွဲ (မြန်မာစံတော်ချိန်)တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးနောက်ခံလူ စကာတယ် ညာဘက်ခြေချောင်းကျိုး

လန်ဒန် ဖေဖော်ဝါရီ ၂၇

လီဗာပူးနောက်တန်းကစားသမား မာတင်စကာတယ်သည် ယူနီရီယာနှင့် ယူရိုပါလိဂ်ကစားစဉ် ညာဘက်ခြေချောင်းကျိုးသွားခဲ့၍ ထမ်းစင်ဖြင့် ထွက်သွားခဲ့ရသည်။

ယင်းပွဲတွင် လီဗာပူးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လီဗာပူးက နှစ်ပွဲပေါင်း လေးဂိုး-တစ်ဂိုးဖြင့် နောက်ဆုံး ၁၆ သင်း ပြိုင်ပွဲတက်ရောက်နိုင်မည်ဖြစ်သည်။ သို့သော်လည်း စကာတယ်၏ ဒဏ်ရာနှင့် ပတ်သက်ပြီး စောင့်ကြည့်လျက်ရှိသည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အေစီတိုက်စစ်မှူး ပါတို ချယ်လ်ဆီးသို့ ပြောင်းရွှေ့ဖွယ်

အေစီမီလန်တိုက်စစ်မှူး အလက်ဇန်းဒရီပါတိုသည် ၎င်းအား နည်းပြခဲ့ဖူးသည့် အေစီမီလန် နည်းပြဟောင်း အန်ဆယ်လော့တီရှိရာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် အလားအလာအများဆုံးရှိသည်ဟု အရိပ်အမြွက် ဖွင့်ဟပြောကြားလျက် ၎င်းအနေဖြင့် အင်္ဂလန်သို့ ပြောင်းရွှေ့ကစားရေးကို ထည့်သွင်းမစဉ်းစားဟူသောအချက်ကို ယဉ်ကျေးစွာငြင်းပယ်ခဲ့ကြောင်း ဂိုးလ်ကွမ်၌ ဖော်ပြသည်။

အင်္ဂလန်-အီဂျစ် ချစ်ကြည်ရေးပွဲ၌ ဝေါလ်ကော့ပါဝင်ဖွယ်ရှိ

အာဆင်နယ်တိုက်စစ်မှူး သီအိုဝေါလ်ကော့သည် အင်္ဂလန်နှင့်အီဂျစ် ချစ်ကြည်ရေးပွဲစဉ်တွင် စပါးအသင်းမှ လင်နွန်အစား ညာတောင်ပံကစားသမားအဖြစ် ကိုယ်စားပြု ကစားရဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ချယ်လ်ဆီး၏ စိတ်ဝင်စားမှု ဂုဏ်ယူမိဟု အဲလ်ဗက်စ်ဖွင့်ဟ

ဘာစီလိုနာအသင်းခံစစ်မှူး ဒါနီအဲလ်ဗက်စ်က ၎င်းအနေဖြင့် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် ထည့်သွင်းမစဉ်းစားထားသော်လည်း ၎င်းအား ချယ်လ်ဆီးက ခေါ်ယူရန် စိတ်ဝင်စားမှုအတွက်ကိုမူ ဂုဏ်ယူမိသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း သည်အင်ဒီပင်းဒင့်၌ ဖော်ပြသည်။

မန်ယူနှင့်အေစီ ဒုတိယအကျော့၌ ဟာဒီနန်ပါဝင်နိုင်ဖွယ်မရှိ

မန်ယူခံစစ်မှူး ဖာဒီနန်သည် မတ်၁၀ရက်တွင် ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားမည့် မန်ယူနှင့်အေစီမီလန်ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်မရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဝါနော့ခ် ရိန်းဂျားသို့ပြောင်းရွှေ့ရေး နီးစပ်လာ

ခရစ္စတယ်ပဲလေ့စ်မှ ကစားသမားဝါနော့ခ်သည် လက်ရှိ စာချုပ်သက်တမ်းမကုန်မီ ပြောင်းရွှေ့မှုအတွက် အသင်းပိုင်ရှင်များနှင့် လျော်ကြေးကိစ္စ ပြောဆိုဆွေးနွေးမှုများပြုလုပ်ပြီးနောက် ရိန်းဂျားသို့ ပြောင်းရွှေ့ရေးနီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အင်နိုဂွီမိုအား ဝီဂန်က စာချုပ်နိုင်မည်ဟု ရေပန်းစား

ဆဲလ်တစ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား အင်နိုဂွီမိုအား ပေါင်နှစ်သန်းတန် စာချုပ်မချုပ်ဆိုဖြစ်ပါက ၎င်းအားခေါ်ယူလိုသော ပရီမီယာလိဂ်အသင်းများအနက် ဝီဂန်က စာချုပ်ခေါ်ယူရန် ထိပ်ဆုံးမှရေပန်းစားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဂိုးသမားဂျွန်ရုတ်ဒီ ဆဲလ်တစ်၏ပစ်မှတ်ဖြစ်လာဖွယ်

မားသားဝဲလ်အသင်းတွင် အငှားစာချုပ်ဖြင့်ကစားနေသော ဂိုးသမား ဂျွန်ရုတ်ဒီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဆဲလ်တစ်အသင်း၏ ပစ်မှတ်ဖြစ်လာဖွယ်ရှိကြောင်း ဒေးလီးအိတ်ပရက်စ်၌ ဖော်ပြသည်။

စကော့တလန်၌ ပွဲ ၅၀ ပြည့်သည်အထိ နေးစမစ်သ်ပါဝင်လို

ရှက်ဖီးယူနိုက်တက်မှ စကော့တလန်ဘယ်နောက်ခံလူ ဂယ်ရီနေးစမစ်သ်သည် ဒဏ်ရာပြဿနာများကိုကျော်လွှားကာ စကော့တလန်လက်ရွေးစင်အသင်းတွင် အနည်းဆုံးလေးပွဲခန့် ပါဝင်ကစားခြင်းဖြင့် ပွဲ ၅၀ပြည့်လိုကြောင်း ဟာရယ်လ်၌ ဖော်ပြသည်။

အမ်ပူတူအားခေါ်ယူရန် ရိန်းဂျားနှင့်ဆဲလ်တစ် ပစ်မှတ်ထား

ရိန်းဂျားနှင့် ဆဲလ်တစ်အသင်းတို့သည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကွန်ဂိုလက်ရွေးစင်အသင်းမှ ပေါင်နှစ်သန်းခွဲတန် အသင်းခေါင်းဆောင် ထရီဆော်အမ်ပူတူအား ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း ဒေးလီးအိတ်ပရက်စ်၌ ဖော်ပြသည်။

ဝီဂန်မှ ဝပ်ဆန် အငှားစာချုပ်ဖြင့် ဝက်စ်ဘရွန်းသို့ပြောင်းရွှေ့

ပရီမီယာလိဂ်အသင်း ဝီဂန်မှ ဘင်ဝပ်ဆန်သည် ဝက်စ်ဘရွန်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း အင်တာနက်၌ဖော်ပြသည်။

ဗိုးနစ်အိုးပင်း ဒုတိယနေ့ ပေါ်လတာ ထိပ်ဆုံး၌ ဦးဆောင်

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် စကော့ဒေးလ်မြို့၌ကျင်းပသော ဖိုးနစ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်တွင် ဗြိတိသျှ ဂေါက်သီးကစားသမား အိုင်အန်ပေါ်လတာသည် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ရိုက်ချက်ပေါင်း ၆၃ ချက်ဖြင့် ယင်းနေ့၏အကောင်းဆုံးအဆင့်၌ ဦးဆောင်နေကြောင်း အင်တာနက်၌ ဖော်ပြသည်။

သရုပ်ဆောင်ကာကွယ်မည့် ကားဖရော့ချ် ကက်စလာနှင့်ထိုးသတ်မည်

အသက်၃၂နှစ်ရှိ လက်ဝှေ့အကျော်အမော် ကားဖရော့ချ်သည် ၎င်း၏ ဒဗလျူဘီစီစူပါမစ်ဒယ်ဝိတ်သရဖူကို တတိယအကြိမ်ကာကွယ်ပွဲအဖြစ် လာမည့် မေ ၂၄ရက်တွင် ဒိန်းမတ်နိုင်ငံ ဟာနင်မြို့၌ မီခေးလ်ကက်စလာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း အင်တာနက်၌ ဖော်ပြသည်။ ။

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ညောင်ဂျစ်ပင်-ရေလာလေးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၆)၊ အမှတ်(၉)၌ မြန်မာသဘော်သား ဟိုတယ်ဝန်ထမ်း ၃၀၀ ကာနီဗယ်လ်အပျော်စီးသင်္ဘောမှခေါ်မည်၊ တုပ်ကွေးရောဂါကုဆေးကို FAME ဆေးဝါးထုတ်လုပ်ရေးမှ အောင်မြင်စွာထုတ်လုပ်၊ မေခမလိခမြစ်ဆုံနှင့် သုံးမိုင်အကွာတွင် လူနေအိမ်ရာသစ်များတည်ဆောက်နေ၊ ရင်းနှီးမြှုပ်နှံသူများ ရွှေဘက်လှည့်လာ၍ ရွှေထည်ဈေးကွက်အဝယ်တက်၊ ဖော့ခွက်များထဲသို့ ကြော်လှော်ပြီး အပူအစားအစာများထည့်ခြင်းဖြင့် ရေရှည်တွင် စားသုံးသူအား အန္တရာယ်ဖြစ်စေနိုင် စသည့်ပြည်တွင်းရေးရာ သတင်းများ၊ သုတစွယ်စုံ စာပေဆုအတွက် ဆုပေးသူနှင့် ဆုရသူတို့၏ ပွဲတင်သံများ၊ ကရင်ပြည်နယ် ဖွဲကပင် ဖားစည်သံ ဒုံးယိမ်းအကနဲ့ညနေခင်း…၊ Myanmar Discovery၊ ဒီမိုကရေစီအတွေးအမြင်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဒီမိုကရေစီနှင့် ဒီမိုကရေစီတည်ဆောက်ခြင်း အထူးဆောင်းပါး၊ ကလေးများအလုပ်ခိုင်းစေခံရမှုမှ ကင်းလွတ်အောင်၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်း၊ ရွေးကောက်ပွဲအကြောင်းဆွေးနွေးထားသည့် ကျွန်ုပ်တို့၏ရန်ကုန်ကဏ္ဍကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အမေရိကန်တို့၏လိုအပ်မှုမှာ တော်၍ထက်မြက်မှုလား ယုံကြည်ကိုးစားမှုလား အထူးနိုင်ငံတကာသုံးသပ်ဆောင်းပါးနှင့်အတူ အီရန်အပေါ် ပြင်းထန်စွာ အရေးယူပိတ်ဆို့မှုအား ရုရှားကန့်ကွက်၊ အစေခံကိုသတ်ဖြတ်မှု သံသယဖြင့် ဆော်ဒီမင်းသားတရားစွဲခံနေရ၊ သတင်းစာဆရာများအသတ်ခံရမှု အဆိုးရွားဆုံးနှစ်အဖြစ် ၂၀၀၉ ခုနှစ်မှတ်တမ်းဝင်၊ သွေးစစ်ခြင်းဖြင့် ကင်ဆာရောဂါပို့နှံ့မှု ရှိမရှိသိနိုင်၊ ဟားမတ်စ်အကြီးအကဲ အသတ်ခံရမှုတွင် ဥရောပနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူတို့အား သံသယရှိ၊ အမေရိကန်တွင် ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်တက်မှုက အလုပ်လက်မဲ့အားပေးသူတို့အား စိုးရိမ်ပူပန်စေခဲ့ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ဥသာစက်ရုံထုတ် ပစ္စည်းများ(၉)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်း ကျောက်ဆည်စက်မှုဇုန်ရှိ ဥသာစက်ရုံ (EU THAR) က ထုတ်လုပ်သော LED Lamp များနှင့် Myanmar Lighting Manufacturing Co., Ltd. (Superlamp) ၏ (၉)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် ညနေ ၅နာရီက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် Myanmar Lighting Manufacturing Co., Ltd. ၏ Chairman & CEO ဦးစိန်ဝမ်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ဥသာစက်ရုံ (EU THAR) မှ ထုတ်လုပ်သော LED နည်းပညာအကြောင်းကို စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း)က လည်းကောင်း၊ Transformer နည်းပညာအကြောင်းကို Capital Power မှ ဦးဝင်းတင်က လည်းကောင်း၊ Myanmar Lighting Manufacturing Co., Ltd. (Superlamp) မှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်းများ၏ နည်းပညာများအကြောင်းကို ဦးခန့်ဇော်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက် လာကြသူများသည် ခင်းကျင်းပြသထားသော LED နှင့်စပ်လျဉ်းသည့် လျှပ်စစ်ပစ္စည်းများ၊ Transformer များ၊ LED Solarlamp များနှင့် Superlamp အမှတ်တံဆိပ် မီးချောင်း၊ မီးကွေးများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါဥသာစက်ရုံ (EU THAR)မှ ထုတ်လုပ်သော LED နှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်းများ အကြောင်းကို ရုံးချုပ်တည်ရှိရာ အမှတ် (၁၈၉/၁၉၁) မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၁၉၁၉တို့၌ အသေးစိတ်စုံစမ်းနိုင်ပြီး အမှတ် (၁၆၀) ပြည်လမ်း ၉မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၀၁၅၀၊ ၆၆၅၅၆၁နှင့် ၆၆၅၁၁၉တို့က ဖြန့်ဖြူးရောင်းချ ပေးမည်ဖြစ်ကြောင်း၊ Superlamp အမှတ်တံဆိပ် မီးချောင်း၊ မီးကွေးများကို စက်ရုံတည်ရှိရာ အမှတ် (၆၈/၆၉) လှသီဂီလမ်း ရွှေပြည်သာစက်မှုဇုန်(၃) ရန်ကုန်မြို့ ဖုန်း-၀၁-၆၁၈၂၁၁၊ ၆၁၈၂၃၂၊ ၆၁၈၀၇၇၊ ၇၀၄၄၉၂ နှင့် ၇၂၄၈၃၈တို့တွင် ဆက်သွယ်မှာယူရရှိနိုင်ပြီး မန္တလေးမြို့၌ အမှတ်(၁၀-ဘီ) (၃၂)လမ်း (၆၅ × ၆၆ ကြား) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၂၂၈၇၇ နှင့် ၉၁၀၀၄၂၂၄တို့တွင် မှာယူ ရရှိနိုင်သည့်အပြင် အမြို့မြို့အနယ်နယ်ရှိ လျှပ်စစ်ပစ္စည်းဆိုင်တိုင်းတွင်လည်း သုံးစွဲသူတို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၁-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော်(မေတ္တသုတ်+ ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာ မင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (စပ်မျိုး အာလူးမျိုး) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတ္တာတွက်တာ အလှကမ္ဘာ (သန့်စင်သော အလှအပ အသုံးအဆောင်များ)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာ သိကောင်းစရာ (အဲလ်ဘတ်အိုင်းစတိုင်း-ဒေါက်တာခင်မောင်ညို)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၂၅) သံတမန်ရေးနည်းလမ်း
၁၂း၁၅ အလုပ်အကိုင် အခွင့်အလမ်း (ရသုံးမှန်းခြေ စိစစ်-၂)
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ရူပဗေဒတတ်ကျွမ်းမှု) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး/ထိုပေါက်စဉ်
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ဒူးနာတတ်တဲ့ အမျိုးသမီးများအတွက် လေ့ကျင့်ခန်း)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူ ရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယို ဇာတ်လမ်းတွဲများ ချစ်သူသူရဲကောင်း (အပိုင်း-၂) နိုင်ငံရေးဦးတည်ချက်
၁၉း၄၀ ပြုံးပဒေသာ (မောင့်အကြိုက်) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် အရိုးနှင့်ဇနီး တင်မိုမိုဝင်း)
၂၀း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ

BARON'S CUP 2010 မြင်းစီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

BARON'S CUP 2010 မြင်းစီးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းနှင့် ပြည်ထောင်စုလမ်းဆုံရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်၌ ကျင်းပရာ Myanmar Brewery Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

သရုပ်ပြ

ယင်းနောက် မြင်းစီးအားကစားသမားများက Parade စီး သရုပ်ပြသခြင်း၊ အသားကျစီး သရုပ်ပြသခြင်းနှင့် Race စီးသရုပ်ပြသခြင်းတို့ကို အလှည့်ကျသရုပ်ပြသကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Myanmar Brewery Co.,Ltd. ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)က အငယ်တန်းဒုန်းစီးပြိုင်ပွဲ၌ တတိယဆုရ သိန်းဝင်း(မြင်းအမည် စိန်မမ)၊ ဒုတိယဆုရ ဝင်းထွန်း (မြင်းအမည်- Arrow)နှင့် ပထမဆုရ ကြည်ဝင်း (မြင်းအမည် မြန်မာပြည်သား) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်(Vice- President South East Asia Equestrian Federation)က ဒုန်းစီး အလတ်တန်းပြိုင်ပွဲ၌ တတိယဆုရ ဟန်ထွန်း (မြင်းအမည် ရွှေဥက္ကာ)၊ ဒုတိယဆုရ ကျော်ဇင်(မြင်းအမည် ရွှေဆည်)နှင့် ပထမဆုရ ဇင်မင်း (မြင်းအမည် ပုဂံမင်းသမီး) တို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က ဒုန်းအကြီးတန်း ပြိုင်ပွဲ၌ တတိယဆုရ စန်းယု (မြင်းအမည် စိန်ဘယက်)၊ ဒုတိယဆုရ ဇင်မင်း (မြင်းအမည် Breeze)နှင့် ပထမဆုရ ဇော်ဝေ (မြင်းအမည် ရွှေဂန္ဓဝင်)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အပြည်ပြည်ဆိုင်ရာ တန်းခုန်ပြိုင်ပွဲ(International Show Jumping) ၌ တတိယဆုရ ဇင်မင်း (မြင်းအမည် ပုဂံမင်းသမီး)၊ ဒုတိယဆုရ အငယ်လေး (မြင်းအမည် မန္တလာသူ)နှင့် ပထမဆုရ စန်းထူး (မြင်းအမည် Peach) တို့အားလည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Myanmar Brewery Co., Ltd. က မြန်မာနိုင်ငံမြင်းစီး အားကစား အဖွဲ့ချုပ်သို့ လှူဒါန်းသော အလှူငွေကျပ်ငါးသိန်းကို မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က ပေးအပ်ရာ မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်က လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဖောင်ပိတ်ပရီမီယာလိဂ်သတင်း

ဇယားထိပ်မှ ချယ်လ်ဆီး ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံ

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ပရီမီယာလိဂ်ပွဲစဉ်(၂၈) ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးတို့ ယခုနှစ်ဘောလုံးရာသီအတွင်း ပထမဆုံး အိမ်ကွင်းရှုံးနိမ့်မှုနှင့် ကြုံလိုက်ရသည်။

ပွဲမစမီ ချယ်လ်ဆီး ကစားသမားများနှင့် မန်စီးတီး ကစားသမားများ အပြန်အလှန် လက်ဆွဲနှုတ်ဆက်ကြသည်။ သို့သော် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် မန်စီးတီးကစားသမား ဝိန်းဘရစ်တို့သည် လက်ဆွဲနှုတ်ဆက်ခြင်းမရှိဘဲ ကျော်သွားကြသည်။ ကစားသမားနှစ်ဦး၏ ရင်တွင်းက မကျေနပ်ချက်များသည် ပရိသတ်အလယ်တွင် ပို၍သိသာထင်ရှားသွားသည်။ ထိုမြင်ကွင်းကိုပင် ဘောလုံးပရိသတ်အားလုံးက စိတ်ဝင်တစားကြည့်ရှုခဲ့ကြသည်။

မည်သို့ပင်ရှိစေကာမူ ပရီမီယာလိဂ်ထိပ်သီးပြိုင်ပွဲတစ်ရပ်ကို စတင်ကစားခဲ့ကြသည်။ ပွဲစသည်နှင့် နှစ်သင်းစလုံး အဖြတ်အတောက်၊ အပိတ်အဆို့၊ အလိမ်အကောက်များဖြင့် ဘောလုံးရသမြောက်စွာ ကစားခဲ့ကြသည်။ နှစ်သင်းစလုံး ကစားအားမျှနေကြ၍ တစ်ဖက်နှင့်တစ်ဖက် လွယ်လွယ်ကူကူဖြင့် ဂိုးမသွင်းနိုင်ကြပေ။ သို့သော်လည်း ပွဲချိန် ၄၂မိနစ်တွင် လမ်းပတ်က ချယ်လ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးကို ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် တိုက်စစ်မှူးတီဗက်ဇ်က ချေပခဲ့သည်။



ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို လမ်းပတ်က ဤသို့ သွင်းယူခဲ့ပါသော်လည်း….။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်း

ဒုတိယပိုင်းပြန်စပြီး မန်စီးတီးကစားကွက်ပိုကောင်းသည်။ ပွဲချိန် ၅၁ မိနစ်တွင် ဘယ်လာမီက မန်စီးတီးအတွက် ဒုတိယဂိုးသွင်းယူသည်။ ပွဲချိန် ၇၆ မိနစ်တွင် ဘယ်လက်တီက ဂါးနက်ဘာရီကို ပြေးလမ်းကြောင်း ပိတ်ဆို့ခဲ့မှုကြောင့် ဘယ်လက်တီအနီကတ်ပြပြီး ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို တီဗက်ဇ် ကန်သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် တီဗက်ဇ်အား ကြမ်းတမ်းစွာကစား ခဲ့၍ နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရ၍ ချယ်လ်ဆီးတို့ ကိုးဦးတည်းဖြင့် ဆက်ကစားခဲ့ရသည်။ ပွဲချိန် ၈၇ မိနစ်တွင် ဘယ်လာမီက ရိုက်ဖီးလစ်ဖြတ်တင်ဘောမှတစ်ဆင့် မန်စီးတီးအတွက် စတုတ္ထဂိုးသွင်းယူခဲ့သည်။ ပွဲချိန် မိနစ်၉၀ ပြည့်ချိန်တွင် အနယ်လ်ကာအား ဂါးနက်ဘာရီ ပြေးလမ်းကြောင်းပိတ်ဆို့ကစားသဖြင့် မန်စီးတီးတို့ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို လမ်းပတ်သွင်းယူခဲ့သဖြင့် ပွဲအပြီး မန်စီးတီးက လေးဂိုး-နှစ်ဂိုးသွင်းကာ အဝေးကွင်းအောင်ပွဲခံခဲ့သည်။ အခြားပွဲများအဖြစ် ဘာမင်ဂမ်က ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘော်လ်တန်က ဝူလ်ဗာဟမ်တမ်ကို တစ်ဂိုး-ဂိုးမရှိ၊ ပို့စ်မောက်က ဘန်လေကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရခဲ့ကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

ချီလီ၌ အင်အားပြင်းငလျင်လှုပ် အနည်းဆုံး ၁၂၂ဦး သေဆုံး

ဆန်တီယာဂို ဖေဖော်ဝါရီ ၂၇

ချီလီနိုင်ငံ အလယ်ပိုင်း၌ ဖေဖော်ဝါရီ ၂၇ရက်က ရစ်ချ်တာစကေး ၈ဒသမ၈ ရှိ အင်အားပြင်းငလျင်ကြီး လှုပ်ခဲ့ရာအနည်းဆုံး ၁၂၂ဦး သေဆုံးသွားကြောင်း ချီလီအစိုးရက ကြေညာသည်။*(အောက်ပုံ)*

အဆိုပါငလျင်ကြီးသည် မြို့တော်ဆန်တီယာဂို၏ အနောက်တောင်ဘက် ၃၂၅ ကီလိုမီတာတွင် ဗဟိုပြုလျက် ဒေသစံတော်ချိန် နံနက် ၆နာရီ ၃၄ မိနစ်၌ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများမှာ ဆူနာမီဖြစ်ပေါ်မည့် သတိပေးချက်များကြောင့် တောင်ကုန်းကျေးရာ အမြင့်ပိုင်းဒေသများသို့ တက်ပြေးကြရကြောင်း၊ ဆန်တီယာဂိုလေဆိပ်ကိုလည်း ပိတ်ထားရကြောင်း၊ နောက်ထပ်တစ်စုံတစ်ရာ ကြေညာချက်ထုတ်ပြန်ချက် မပြုမီ လေဆိပ်မှ ခရီးစဉ်ပျံသန်းမည့်အစီအစဉ်များကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာသည်။ ဂျပန်နိုင်ငံ ရှုကျူးကျွန်းစုတွင်လည်း ထိုနေ့က အင်အား ရစ်ချ်တာစကေး ၇ဒသမ၀ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်တာနက်

(၅၉)နှစ်မြောက် ထိမ်းမြားမင်္ဂလာနှစ်ပတ်လည် ဆုမွန်ကောင်းတောင်းခြင်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြသော ဖေဖေ ဦးသိန်းလွင် အသက်(၇၁)နှစ်နှင့် မေမေ ဒေါ်အေးအေး အသက်(၈၇)နှစ်တို့၏ ထိမ်းမြားမင်္ဂလာသက်တမ်းမှာ ၁၆-၂-၂၀၁၀ရက်တွင် (၅၉)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ထိုကဲ့သို့ အံ့သြဂုဏ်ယူဖွယ်ရာ ရွှေရတုသက်တမ်းကျော်သည့်တိုင် မိဘနှစ်ပါး သက်ရှိထင်ရှားရှိပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်-၁၀၁ နေအိမ်တွင် အတူတကွနေထိုင်၍ ဗုဒ္ဓဘာသာသာသနာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသဖြင့် သားဦးမြင့်ဇော်လွင်မိသားစုနှင့် ပုဂံအနုပညာလက်ဆောင်ပစ္စည်း အရောင်းဆိုင်ဝန်ထမ်းများက အလွန်တရာဝမ်းမြောက်ပီတိဖြစ်လျက်ရှိပြီး မိဘနှစ်ပါး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် အသက်(၁၂၀) တိုင်အောင် အသက်ရှည်၍ သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေကြောင်း (၅၉)နှစ်မြောက် ထိမ်းမြားမင်္ဂလာ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား ဦးမြင့်ဇော်လွင်-ဒေါ်အေးအေးဝေ၊ မြေး-မောင်အောင်နှင့်
ပုဂံ အနုပညာလက်ဆောင်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဝန်ထမ်းများ

(၁) အမှတ် ၁၅(မျက်နှာစာ)၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
(၂) အမှတ် ၁၀၁၊ သံလွင်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(၃) အနော်ရထာရပ်ကွက်၊ ပုဂံမြို့သစ်။

AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ တာဂျီကစ္စတန် တတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ကြီးမှူးကျင်းပသည့် AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို မြန်မာစံတော်ချိန် ယနေ့ညနေ ၄နာရီခွဲတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် တာဂျီကစ္စတန် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာဂျီကစ္စတန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-ဗုဒ္ဓဂယာ+သံဝေဇနီယလေးဌာန(ဖွား+ပွင့်+ဟော+စံ) ကျပ်ကိုးသိန်း စရိတ်ငြိမ်း (India Air Line)
(၁၄)ညအိပ် ၁၅ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချိမဟာ+ဝင်ကြေး)ကျပ်၁၀သိန်း စရိတ်ငြိမ်း
(၁၇)ညအိပ် ၁၈ရက်- သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချိမဟာ+ဝင်ကြေး)+ ကိုလ်ကတ္တား(Shopping+ဗဟုသုတရစရာနေရာများ)ကျပ် ၁၀ သိန်း ငါးသောင်းစရိတ်ငြိမ်း (India Air Line) နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက် ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ ကျပ်တစ်သိန်း သာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံးဝ)မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ အထူးဈေးနှုန်း

၂၂-၃-၂၀၁၀ရက်၊ ၅-၄-၂၀၁၀ရက် (၁၂)ရက်ခရီး ယခင်ဈေးနှုန်း ကျပ်ကိုးသိန်း၊ ယခု စရိတ်ငြိမ်း ကျပ်ရှစ်သိန်းတိတိ ၂၆-၃-၂၀၁၀ရက် (၁၈)ရက်ခရီး စရိတ်ငြိမ်း ကျပ် ၁၀သိန်း၊ ၂၇-၃-၂၀၁၀ရက်၊ ၁၀-၄-၂၀၁၀ရက် (၁၅)ရက်ခရီး စရိတ်ငြိမ်း ကျပ် ၉.၅ သိန်း

ဘယ်နေရာတွေရောက်မှာလဲ?ထိုင်းနိုင်ငံဗန်ကောက်ခရီးစဉ် ၁၀-၄-၂၀၁၀ရက် ၄ ညအိပ်(၅)ရက်ခရီး ကျပ် (၇.၅)သိန်း စရိတ်ငြိမ်း

ပတ်စ်ပို့(လေယာဉ်လက်မှတ်သွားပြန်+ဗီဇာ+တည်းခိုစရိတ်+စားစရိတ်၊ဝင်ကြေး၊ဝန်ဆောင်မှုတွင် စရိတ်ငြိမ်းပါဝင်ပြီးဖြစ်သည်။

အတာတန်ခူး၊ ကုသိုလ်ထူးအစီအစဉ် - ၁၂-၄-၂၀၁၀ရက်(၁၂)ရက်နှင့် (၁၈)ရက်ခရီးတွင်လိုက်ပါမည့် ဘုရားဖူးသူတော်စင်များကို ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သိင်္ကြန်ထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်နှင့် သိမ်ဆွမ်းလောင်းလှူကြမည့်အစီအစဉ်များကို နီလာဘုရားဖူးအဖွဲ့မှ ကုသိုလ်ယူဒါနပြုစီစဉ်ပေးမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပေးအပ်ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲ - ၂၆-၄-၂၀၁၀ရက် (၇)ညအိပ် (၈) ရက်ခရီးစဉ်အထူးဈေးနှုန်း ကျပ်ခုနစ်သိန်းငါးသောင်း၊ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ဗုဒ္ဓဂယာမြေမြတ်မဟာဗောဓိစေတီတွင် ဃနာနို့ဆွမ်းဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းပူဇော်ခြင်းအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍နှိုးဆော်အပ်ပါသည်။

ထွက်ခွာမည့်ရက် - မတ်လတွင်(၁၂၊၁၃၊၂၂၊၂၆၊၂၇)ရက်၊ ဧပြီလတွင် (၅၊၁၀၊၁၂၊၁၉၊၂၆)ရက် ခရီးစဉ်အသေးစိတ်သိရှိလိုပါက လက်ကမ်းကြော်ငြာနှင့် ဒီဗွီဒီအခွေများကို နီလာကုမ္ပဏီ၌ အခမဲ့လာရောက်ယူနိုင်ပါသည်။ ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှ စတင်ထွက်ခွာသည့်ရက်မှစ၍ ရန်ကုန်သို့ပြန်ရောက်ရှိသည့်ရက်အထိ စရိတ်ငြိမ်းဖြစ်ပါသည်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃၊ ၀၉-၈၆-၁၀၄၅၆။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလက်ဆောင်

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ(**အပေါ်ယာပုံ**)က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခံရသူများကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်

အစည်းအရုံးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ချီးမြှင့်

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား တစ်ဦးလျှင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် သုံးသိန်း၊ မင်္ဂလာရုပ်ရှင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ရူပါကော်ဖီမစ်တို့က ငွေကျပ် နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ခုနစ်သိန်းစီကို ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

အထက(၅)တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အထက(၅) တာမွေ (စိန့်ဖရန့်စစ် ယောက်ျားလေးကျောင်း) ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက(၅) တာမွေ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ ၁၉၅၈မှ ၁၉၈၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာ ဆရာမကြီးများထံ၌ ပညာသင်ကြားခဲ့ဖူးကြသော ကျောင်းသား ဟောင်းများအားလုံး (မည်သည့်စာသင်နှစ်မှ ဖြစ်စေ) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

ဆက်သွယ်လှူဒါန်းလိုပါက ကိုကျော်ဟန် ဖုန်း-၅၅၄၆၅၈၊ ကိုဂျင်မီအော ဖုန်း-၅၃၈၂၂၆၊ ကိုသန်းဌွေး (မော်ဒန်လက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၅၁-၄၇၁၉၄၊ ကိုကျူးခေါင် ဖုန်း-၅၃၉၇၇၄၊ ကိုမြတ်မင်း ဖုန်း-၀၉-၈၀-၂၂၇၉၁၊ ကိုစိုးပိုင်(ခ) ပန်းချီ ရဲမာန် ဖုန်း-၀၉-၅၀-၆၀၁၀၇၊ ကိုစိန်ဌွေး (မော်ဒန်) ဖုန်း-၀၉-၅၁-၅၉၂၄၀၊ ကိုကျော် ဟိန်း(မော်ဒန်) ဖုန်း-၀၉-၅၁-၁၂၀၁၀နှင့် ကိုစိန်ဝင်း (လေဒီချစ်) ဖုန်း-၀၉-၅၁-၂၈၁၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၉ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းရုံးချုပ်၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများကိုယ်တိုင် မတ် ၁၈ရက်အရောက် လာရောက်ကြရန် သက်ဆိုင်ရာက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Software & Solutions Exhibition 2010 ပြပွဲနှင့် Panel Discussion များ ဆက်လက်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Software & Solutions Exhibition 2010 ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၌ ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းများနှင့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်တို့ပူးပေါင်း၍ Product Presentation နှင့် Panel Discussion များကို ဖေဖော်ဝါရီ ၂၈ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

ပြပွဲလာသူများအနေဖြင့် ပြည်တွင်းရှိ Software Solutions များကို ကုမ္ပဏီပေါင်း ၂၀ကျော်မှ ပြခန်းပေါင်း၃၀ကျော်ဖြင့် ပြသလျက်ရှိရာ တစ်နေရာတည်းတွင် စုံစုံလင်လင်တွေ့မြင်ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၈ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကြည်ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ လယ်မြေအတွင်း လယ်ယာသုံးစက်ကိရိယာများဖြင့် ရက် ၉၀စပါးမျိုးအား တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မုတ်စီကျေးရွာ၌ကျင်းပသည့် ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးမြို့ဝင်စံပြကွက် စုပေါင်းထွန်ယက်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကာ လယ်ယာသုံးစက်ကိရိယာများဖြင့် ရက် ၉၀စပါးမျိုးအား စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထို့မှတစ်ဆင့် ကန့်ဘလူမြို့နယ် ဇီးကုန်းစံပြကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော ကတ္တရာလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် သပြေသာကျေးရွာအုပ်စုရှိ ပုဂ္ဂလိကပိုင် စပါးခွံလောင်စာသုံး ရေတင်လုပ်ငန်း၌ ရေတင်စက်ဖြင့် ပတ်ဝန်းကျင် လယ်ယာမြေများသို့ ရေပေးသွင်းကာ နွေစပါး ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ကန့်ဘလူမြို့နယ် သိမ်ရင်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် တမံမြေဖို့ခြင်းနှင့် **(အပေါ်ပုံ)** ကွန်ကရစ်လောင်းခြင်း လုပ်ငန်းခွင်များ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုး (33/11 12V, 3M VA) ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိခဲ့ကြရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရွှေဘိုခရိုင် အင်ဂျင်နီယာမှူးက ဓာတ်အားခွဲရုံ တည်ဆောက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးသည် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး မြင်းမူတွင် ဟောပြောဆွေးနွေး

မြင်းမူ ဖေဖော်ဝါရီ ၂၂

မြင်းမူမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဒုတိယအကြိမ် စာအုပ် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက်၁၁နာရီက မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး သတ်မှတ်စံ(၅)ချက်နှင့်ညီအောင် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြင်းမူမြို့နယ် စာကြည့်တိုက်ကော်မတီမှ ဒုတိယအကြိမ် စာအုပ်စုပေါင်းလှူဒါန်းပွဲကျင်းပရာ အလှူရှင် ၁၃ဦးက ငွေကျပ် ၂၆၄၀၀၀တန်ဖိုးရှိ စာအုပ်စာစောင် အုပ် ၃၀၀ကို ကျေးရွာစာကြည့်တိုက် ၂၈တိုက်သို့ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)** (၀၄၅)

ရွှေကူမြို့နယ် ဆင်တပ်ကျေးရွာမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင် ပညာရေးဌာနသို့လွှဲအပ်

ရွှေကူ ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ဆင်တပ်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်း ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အလံ

ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ် SS(2)(4) လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံများကို ဆင်တပ် အမက(လွန်) ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်ဦးက အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်း၊ မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးဇော်မင်း၊ ကျေးရွာစိုက်/ညို ဥက္ကဋ္ဌ ဦးသန်းအောင်မော်(ငါးလုပ်ငန်းဦးစီးမှူး)နှင့် ဦးညိုဝင်း (မြို့နယ်ကျန်းမာရေးမှူး-ငြိမ်း)တို့သို့ ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ကျေးရွာဥက္ကဋ္ဌဦးချိုဝင်းက နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော အချက်အလက်များကို မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို စေတနာရှင်တစ်ဦးက ငွေကျပ်လေးသိန်းနှင့် ကျေးရွာရှိ မိဘပြည်သူများက လုပ်အား၊ ငွေအား ကျပ် ၂၁၂သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

ကန့်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ဒါးကမြို့လယ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကညွတ်ကွင်းမြို့ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်

ကညွတ်ကွင်း ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အားကစားကွင်း၌ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၁၁)ကြိမ်မြောက် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို TZTM ဆောက်လုပ်ရေးကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် ဖေဖော်ဝါရီ ၆ရက် မွန်းလွဲ ၂နာရီက ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲတွင် ပြိုင်ပွဲကျင်းပရေး အတွင်းရေးမှူးဦးညွန့်ဝင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် TZTM ကုမ္ပဏီစီမံကိန်း ဒါရိုက်တာ ဦးထွန်းမြင့်တို့က အမှာစကားပြောကြား၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က မန်နေဂျင်းဒါရိုက်တာ ဦးသက်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(အောက်ယာပုံ)** ပြိုင်ပွဲဝင် အသင်းသားများက နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းအား ချီတက် အလေးပြုသည်။ အခမ်းအနားသို့ ပြိုင်ပွဲ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနှင့်ဇနီး ဒေါ်ခင်ချစ်ချစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ယှဉ်ပြိုင်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ စီစဉ်မှုဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်သင်းက ကွင်းဖွင့် ယှဉ်ပြိုင်ကစားသွားကြသည်။ (၀၄၆)

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အင်တိုင်းကြီးကျေးရွာ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမင်းအေးလွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ အမှတ်(၁)ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ပွဲကို ဇန်နဝါရီ ၂၄ရက်က မော်လမြိုင်မြို့ အမှတ်(၁) ခေတ်မီ နှစ်ထပ်ဈေး၌ကျင်းပသည်။ **(အောက်ပုံ)**

ကြည့်ရှုအားပေး

အခမ်းအနားသို့ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် အောင်ဝင်းစိန်၊ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်နိုင်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (၀၁၄)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) မြို့မဈေးအတွင်း သားငါးများအား အလေးချိန်ခွင်မှန်ကန်စွာရောင်းချမှု ရှိ မရှိကို ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စေတီတော်တည်ဆောက်ရေးအဖွဲ့က ဂေါပကအဖွဲ့သို့ စနစ်တကျလွှဲပြောင်းအပ်နှံရေးဆွေးနွေး

စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့မှုလုပ်ငန်း ဆက်လက်ညှိနှိုင်း

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ဧနာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၆ ကော်လံ ၁ ❒

28-2 (20).pmd 1 2/28/2010, 2:30 AM